## “သခင်ဘုရားကို မြင်နေတယ်”

အောက်တိုဘာလ(၇)ရက်၊ တင်ပြသူ-Jacques, Cameroon နိုင်ငံ၊

(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Jacques အနေနဲ့ တစ်စုံတစ်ရာထက် အနောက်ပိုင်းအာဖရိကတိုက်၊ “ကင်မ ရွန်း”နိုင်ငံက တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်ဖို့ စိတ်ဝင်စားခဲ့ပါတယ်။ ဒါပေမဲ့၊ ဒုတိယစာမေးပွဲတစ်ဝက်ဟာ ဥပုသ်တော်နေ့မှာ ကျခဲ့ပါတယ်။

“ကျွန်တော် သတ္တမနေ့မြော်လင့်ခြင်းအသင်းသားတစ်ဦးဖြစ်လို့၊ ဥပုသ်တော်နေ့မှာစာမေးပွဲ ဖြေလို့မရပါ” ဆိုပြီး သောကြာနေ့နဲ့ စနေနေ့မှာ “ကင်မရွန်း” နိုင်ငံရဲ့မြို့တော် Yaounde အပြင်က ပြုလုပ်မယ့်စာမေးပွဲ စီစဉ်သူကျောင်းဆရာတွေဆီမှာ ပြောပြခဲ့ပါတယ်။

“ခဏလာပြီးတော့ စာမေးပွဲ ဖြေလိုက်ပါ” ဆိုပြီး ကျောင်းဆရာတစ်ဦးက ပြောလိုက်ပါတယ်။

နောက်တစ်ဦးက “စာမေးပွဲကို သင်ဖြေရမှာ” ဆိုပြီး ပြောလိုက်ပါတယ။

“မဟုတ်ဘူး။ မနက်ဖြန် ကျွန်တော့်ကို မမြင်ခဲ့သော်၊ ကျွန်တော် ဘုရားကျောင်းမှာရှိနေမယ်ဆိုတာ ဆရာတို့ကိုသိစေချင်ပါတယ်” ဆိုပြီး Jacques က ပြောလိုက်ပါတယ်။

ကျောင်ဆရာတစ်ချို့က စိန်ခေါ်မှုတစ်ခုအနေနဲ့ မြင်ခဲ့ကြပါတယ်။ ပျက်ရယ်ပြုတဲ့အနေနဲ့ သူ့ကို ခရစ်ယာန်ဘုန်းကြီးလို့ သူတို့ခေါ်ခဲ့ကြပါတယ်။ “ခရစ်ယာန်ဘုန်းကြီးရယ်၊ မလာဘူးဆိုရင် စာမေးပွဲ ကျမှာပေါ့” ဆိုပြီး ကျောင်းဆရာတစ်ဦးက ပြောလိုက်ပါတယ်။

Jacques ဟာ အိမ်ပြန်လာခဲ့ပါတယ်။ လွန်ခဲ့တဲ့တစ်နှစ်တုန်းက ရေနှစ်ခြင်းခံယူခြင်းအားဖြင့် သူ့နှလုံးသားကိုသခင်ခရစ်တော်ဆီမှာ ဆက်ကပ်ခဲ့ပြီး၊ သခင်ဘုရားရဲ့ဥပုသ်တော်နေ့ကို ဂုဏ်ပြုဖို့ သူဆုံးဖြတ်ခဲ့ပါတယ်။ ဥပုသ်နေ့မှာအချိန်ယူပြီး အစာ ရှောင်ဖို့နဲ့ ဆုတောင်းဖို့ သူဆုံးဖြတ်ခဲ့ပါတယ်။ ဥပုသ်နေ့မှာ စာသင်ကျောင်းသို့မသွားပဲဘုရားကျောင်းတက်ခဲ့ပါတယ်။ နေဝင်ပြီးမှ စာသင်ကျောင်းသို့ပြန်သွားခဲ့ပါတယ်။ အဲဒီမှာ လူတစ်ယောက်မှမရှိခဲ့ပါ။ စာမေးပွဲပြီးသွားပြီဖြစ်လို့၊ ကျောင်းဆရာတွေလည်းအိမ်ပြန်သွားကြပြီဖြစ်ပါတယ်။ Jacques ဟာ အိမ်သို့ပြန်လာခဲ့ပါတယ်။

တနင်္ဂနွေနေ့မှာ စာမေးပွဲဖြေဆိုတဲ့နေရာသို့ ခပ်စောစော သူပြန်လာခဲ့ပါတယ်။ လူတစ်ယောက်မှ မရှိခဲ့ပါ။ တစ်စုံတစ်ဦးလာမှာကို တစ်နေကုန် သူစောင့်ခဲ့ရပါတယ်။ တနင်္လာနေ့မှာ စာမေးပွဲဖြေဆိုတဲ့နေရာသို့ ခပ်စောစော သူပြန်လာခဲ့ပါတယ်။ လူတစ်ယောက်မှ မရှိပါ။ သူထိုင်ပြီး စောင့်ခဲ့ရပြန်ပါတယ်။

မကြာခင်မှာပဲ ကျောင်းဆရာတွေရောက်လာကြပြီး၊ စာမေးပွဲအဖြေလွှာတွေကို ပေးအပ်ခဲ့ပါတယ်။ နေ့လည်အချိန်မှာ စာမေးပွဲဖြေဆိုရာ ညွှန်ကြားရေးမှူးအနေနဲ့ကျောင်းဆရာတွေကို အခြေအနေဘယ်လိုရှိလဲဆိုတာ မေးခဲ့ပါတယ်။

“ဒီခရစ်ယာန်ဘုန်းကြီးကလွဲလို့ ဘာမဆိုအဆင်ပြေပါတယ်” ဆိုပြီး၊ ကျောင်းဆရာတစ်ဦးက Jacques ကိုညွှန်ပြခဲ့ပါတယ်။ အဲဒီကျောင်းဆရာက ဥပုသ်နေ့မှာစာမေးပွဲဖြေဖို့ Jacques အနေနဲ့ ငြင်းဆိုခဲ့ကြောင်း ရှင်းပြခဲ့ပါတယ်။

“ယခုပဲ သူ့ကိုစာမေးပွဲတွေ ဖြေခိုင်းကြရအောင်။ အဆင်ပြေတယ်မဟုတ်လား” ဆိုပြီး ညွှန်ကြားရေးမှူးက ပြောခဲ့ပါတယ်။

ကျောင်းဆရာနှစ်ဦးက နောက်ဆုံးစာမေးပွဲနှစ်ခုကို စီစဉ်ခဲ့ပါတယ်။ ပထမဆုံးအနေနဲ့ အင်္ဂလိပ်စာသင်ပေးတဲ့ကျောင်းဆရာက Jacques မမြင်ဖူးတဲ့ ဖတ်စာအုပကိုယူလာပြီးတော့၊ အဲဒီကနေ ဖတ်ရှုလေ့လာဖို့ပြောခဲ့ပါတယ်။ Jacques အနေနဲ့ စာလုံးတွေကအရမ်းခက်လို့ တော်တော်လေးစဉ်းစားခဲ့ရပါတယ်။ “အဲဒါမှားတယ်။ သင်ကဘာမှမသိသေးဘူး။ သင်ဘယ်လိုစာမေးပွဲအောင်မှာလဲ” ဆိုပြီး ပျက်ရယ်ပြုပြီးပြောခဲ့ပါတယ်။

Jacques အနေနဲ့ “ကျေးဇူးပြုပြီး၊ တစ်ခြားတစ်စုံတစ်ခုမေးပါဦး” ဆိုပြီး ပြောခဲ့ပါတယ်။

“တစ်ခြားမေးခွန်းမရှိတော့ပါ။ သင်အောင်မှာမဟုတ်ဘူး” ဆိုပြီးပြောခဲ့ပါတယ်။

Jacques အနေနဲ့ အသနားခံရင်း၊ အခန်းထဲကနေထွက်ဖို့ လမ်းလျှောက်ခဲ့ပါတယ်။ ဒါပေမဲ့၊ ကျောင်းဆရာက သူ့ကိုထပြီးတော့၊ “စိတ်မပူပါနဲ့” ဆိုပြီး ရုတ်တရက်ပြောခဲ့ပါတယ်။ ပြီးတော့မှ သူထွက်သွားခဲ့ပါတယ်။

နောက်ကျောင်းဆရာတစ်ဦးအနေနဲ့ Jacques ကို အစိုးရကျောင်းသင်ခန်းစာတွေဖြစ်တဲ့၊ သမိုင်းနဲ့ပထဝီဘာသာကို မေးမြန်းစစ်ဆေးဖို့ဖြစ်ပါတယ်။ အဲဒီအစား၊ “ဥပုသ်နေ့ လူကြီးမင်းခင်ဗျား၊ ဥပုသ်နေ့ကဘာလဲ” ဆိုပြီးမေးခဲ့ပါတယ်။

Jacques အနေနဲ့ အဲဒီမေးခွန်းကို စာမေးပွဲမေးခွန်းလိုသဘောထားပြီးတော့၊အကောင်းဆုံးဖြေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။

"ဉပုသ်နေ့ဟာ ပညတ်တော်ဆယ်ပါးထဲမှာ ပါပါတယ်" ဆိုပြီး ပြောရင်း သူ့လွယ်အိတ်ထဲက သမ္မာကျမ်းစာအုပ်ကို ထုတ်ယူခဲ့ပါတယ်။

ကျောင်းဆရာက၊ "သမာကျမ်းစာအုပ်ထားခဲ့လိုက်ပါ" ဆိုပြီး ပြောခဲ့ပါတယ်။

Jacques ဟာ ဦးနှောက်ရှိပြီး အစိုးရရယ်၊ သမိုင်းရယ်၊ ပထဝီရယ် ဘာသာရေးထက် ပိုပြီးအရေးကြီးကြောင်း သူပြောခဲ့ပါတယ်။ Jacques အနေနဲ့လည်း အဲဒီသုံးဘာသာကို တစ်နှစ်လုံးလုံးသင်ကြားလေ့လာခဲ့ပေမဲ့၊ ဘာသာရေးလို အရေးကြီးတာဘာမှမသင်ယူခဲ့ကြောင်းပြန်ပြောခဲ့ပါတယ်။

"ဘာသာရေးဟာ အသိတရားနဲ့ပတ်သက်ပြီးတော့၊ ကျွန်တော့အသက်တာကို ဩဇာလွှမ်းမိုးလို့ရပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

အဲဒီအချိန်မှာ၊ တစ်ခြားကျောင်းဆရာတစ်ဦး အခန်းထဲသို့ဝင်လာခဲ့ပါတယ်။ ပထမကျောင်းဆရာက စာမေးပွဲပြီး ပြီဖြစ်လို့ ထွက်သွားလို့ရကြောင်း Jacques ကိုပြောခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ စာမေးပွဲအောင်စာရင်းကြည့်ဖို့ စာမေးပွဲဖြေဆိုတဲ့ဌာနသို့Jacques လမ်းလျှောက်လာခဲ့တော့၊ သူ့ရှေ့မှာ ကားတစ်စီးရပ်ခဲ့ပါတယ်။ အင်္ဂလိပ်စာဖြေခိုင်းတဲ့ကျောင်းဆရာက သူ့လက်ချောင်းထိပ်ဖျားနဲ့ Jacques ရဲ့ခေါင်းကို ထိုးလိုက်ပြီးတော့၊ "ဝမ်းသာပါတယ်ဗျာ" ဆိုပြီး သူကပြောခဲ့ပါတယ်။

Jacques အနေနဲ့ ကျောင်းဆရာက သူ့ကိုပြောင်လှောင်နေပါလားဆိုပြီး အံ့ဩခဲ့မိပါတယ်။

စာမေးပွဲဌာနက ဆရာတစ်ဦးအနေနဲ့ တစ်ခြားစာမေးပွဲအောင်တဲ့သူတွေရဲ့နာမည်ကိုခေါ်သလိုမျိုး၊ Jacques လည်း စောင့်မျှော်ခဲ့ပါတယ်။ ပြီးတော့မှ၊ သူ့နာမည်ခေါ်သံကိုကြားခဲ့ရပါတယ်။ သူစာမေးပွဲအောင်ပြီ၊ သူလန့်သွားခဲ့ပါတယ်။ သူ့လက်နှစ်ဖက်စလုံးကိုမြှောက်ပြီးတော့၊ "အို၊ သခင်ဘုရား ကျေးဇူးတင်လိုက်တာ" ဆိုပြီး အံ့အားသင့်စွာ သူအော်ပြောခဲ့ပါတယ်။

Jacques အနေနဲ့ ကျေးဇူးတင်စကားပြောဖို့ အင်္ဂလိပ်စာသင်ပေးတဲ့ဆရာကိုတွေ့အောင်ရှာခဲ့ပါတယ်။

"ဝမ်းသာပါတယ်ဗျာလို့ ကျွန်တော်ပြောခဲ့တာကို သင်မယုံနိုင်ဘူး။ တကယ်ပဲကျွန်ုပ်တို့အနေနဲ့ သင့်ကို စာမေးပွဲ ကျစေချင်ကြတာ" ဆိုပြီး ကျောင်းဆရာကပြောခဲ့ပါတယ်။

"ဘာဖြစ်လို့ ကျွန်တော့ကို မကျစေတာလဲ" ဆိုပြီး Jacques က မေးခဲ့ပါတယ်။

သူ့အနီးအနားက ကျောင်းဆရာဖက်ကို သူလှည့်ပြီးတော့၊"သူ့ကို စာမေးပွဲကျ စေချင်ခဲ့ပေမဲ့ ကျစေလို့မရဘူး။ ဘာကြောင့်လဲဆိုတာ ကျွန်တော်နားမလည်ခဲ့ပါ" ဆိုပြီးကျောင်းဆရာက ပြောခဲ့ပါတယ်။

Jacques အနေနဲ့ အံ့ဩမဆုံးဖြစ်ခဲ့ပါတယ်။ ဘာဖြစ်ပျက်ခဲ့သလဲဆိုတာ သူနားမလည်ခဲ့ပါ။ သူသိတဲ့အရာကတော့ သခင်ဘုရားက သူ့ဆုတောင်းသံကို နားညောင်းလို့ပါဘဲ။ သူ့ဥပုသ်တော်နေ့ကို ဂုဏ်ပြုခဲ့လို့ သခင်ဘုရားက သူ့ကိုပြန်ဂုဏ်ပြုတာဖြစ်ပါတယ်။

အခုအချိန်မှာ Jacques ဟာ အသက် ၅၆ နှစ်ရှိပြီဖြစ်ပြီး၊ အဲဒီနေ့ကိုဘယ်တော့မှ သူမမေ့လျော့ခဲ့ပါ။ "ကျွန်တော့ကို သခင်ဘုရားမြင်ခဲ့တယ်ဆတာ သံသယဖြစ်စရာမရှိပါ" ဆိုပြီး သူက ပြောပါတယ်။

ဒီစတုတ္ထကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့်ကင်မရွန်းနိုင်ငံမှာ ကလေးတွေက သခင်ယေရှုအကြောင်းကို ပြင်သစ်ဘာသာနဲ့အင်္ဂလိပ်ဘာသာအားဖြင့် သင်ယူလို့ရအောင်၊ ဘာသာစကားနှစ်မျိုးသင်တဲ့ကျောင်း တစ်ကျောင်းဖွင့်ဖို့ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ရဲ့ပညာရေး တိုးချဲ့ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

သင်တို့ရက်ရောစွာလှူဒါန်းမယ့်အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

# “ငြိမ်းချမ်းမှု ပိုင်ဆိုင်ခဲ့ပြီ”

အောက်တိုဘာလ(၁၄)ရက်၊ တင်ပြသူ-Salome၊ Cameroon နိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

“စလိုးမီ” ရဲ့နာမည်အဓိပ္ပါယ်က ငြိမ်းချမ်းမှုဖြစ်ပါတယ်။ ဒါပေမဲ့ သူမအနေနဲ့နတ်ဆိုးစွဲလို့ ရုန်းကန်လှုပ်ရှားခဲ့ရပါတယ်။

အဲဒီအရာတွေရဲ့အစဟာ ကင်မရွန်းနိုင်ငံရဲ့မြို့တော် Yaounde က သတ္တမနေ့မြော်လင့်ခြင်းအသင်းတော် အထက်တန်းကျောင်းမှာ သူ့ကျောင်းဆရာဆီသွားခဲ့တဲ့အချိန်ကနေ စတင်ခဲ့ပါတယ်။ သူမအနေနဲ့ တက္ကသိုလ်မှာဘွဲ့တစ်ခုရဖို့အတွက် ညပိုင်းမှာကျောင်းတက်ခဲ့ရပါတယ်။ သူမဟာအတန်းထဲမှာ စာအတော်ဆုံးဖြစ်ပါတယ်။ ဒါပေမဲ့ တက္ကသိုလ်ဝင်ခွင့်ရဖို့ အစမ်းစာမေးပွဲမှာ သူမကျခဲ့ပါတယ်။ လေးကြိမ်တိုင်တိုင် သူမစာမေးပွဲ ကျခဲ့ပါတယ်။ ဒါကြောင့်၊ သူမဟာမြော်လင့်ခြင်းအသင်းတော်က ဆရာဆီမှာအကူအညီတောင်းခဲ့ပါတယ်။

“သင့်အတွက် ကျွန်တော်ဆုတောင်းပေးလို့ရပါတယ်” ဆိုပြီး ကျောင်းဆရာကပြောခဲ့ပါတယ်။

“စလိုးမီ” အနေနဲ့ အဲဒီအကြံကိုသဘောတူခဲ့ပါတယ်။ ဒါပေမဲ့ ကျောင်းဆရာက၊ “သင်လုပ်စရာတစ်ခုတော့ရှိသေးတယ်နော်။ သင့်အနေနဲ့ သခင်ဘုရားရဲ့အလိုတော်နဲ့လိုက်ဖက်အောင် အသက်ရှင်ရမှာ” ဆိုပြီး ပြောခဲ့ပါတယ်။

“စလိုးမီ” အနေနဲ့လည်း သဘောတူခဲ့ပါတယ်။ သူမဟာ မြော်လင့်ခြင်းအသင်းသမဟုတ်ပါ။ ဒါပေမဲ့ သူမအသက်တာမှာ ဘာမှပြောင်းလဲစရာမလိုဘူးလို့ သူမခံယူခဲ့ပါတယ်။ သခင်ဘုရားရဲ့အလိုတော်နဲ့အညီအသက်ရှင်နေတယ်လို့ပဲ သူမခံစားခဲ့ရပါတယ်။

မကြာခင်မှာ၊ ကျောင်းဆရာနဲ့အတူ ဆုတောင်းဖို့ သူ့ရုံးခန်းသို့သူမသွားခဲ့ပါတယ်။ စပြီးဆုတောင်းတဲ့အချိန်မှာ သူမစူးစူးဝါးဝါးအော်ဟစ်ခဲ့ပါတယ်။ သူမအော်ဟစ်ရင်း သူမပါးစပ်ကနေ ဟန်ပန်မကျတဲ့စကားလုံးတွေ ထွက်လာခဲ့ပါတယ်။ ကျောင်းဆရာအနေနဲ့ ဆက်ပြီးတော့ ဆုတောင်းခဲ့ပါတယ်။ ပြီးတော့ “စလိုးမီ” အနေနဲ့ အသံကုန်အော်ဟစ်ရင်း ကျောင်းဆရာနဲ့သခင်ဘုရားကို စော်ကားခဲ့ပါသေးတယ်။ ကျောင်းဆရာအနေနဲ့ ဆက်ပြီးတော့ ဆုတောင်းခဲ့ပါတယ်။ “စလိုးမီ” တည်ငြိမ်တဲ့အခါ ကျောင်းဆရာက၊ သူ့ပြုမူကျင့်ကြံပုံကို ထုတ်ဖော်ပြောဆိုတာ ကြားလိုက်ရတော့ သူမအရမ်းလန့်သွားခဲ့ပါတယ်။ သူမအနေနဲ့ အဖြစ်အပျက်တွေကို ဘာတစ်ခုမှ သတိမရခဲ့ပါ။ သူမဟာနတ်ဆိုးစွဲနေခဲ့တာပါ။

“သင့်အနေနဲ့ဆုတောင်းတဲ့အသက်တာရှိဖို့ အင်မတန်မှ လိုအပ်ပါတယ်နော်။ အားမငယ်ပါနဲ့။ သခင်ဘုရားရဲ့အလိုတော်အတိုင်း ဘာမဆိုအဆင်ပြေလာမှာပါ” ဆိုပြီး ကျောင်းဆရာက အားပေးစကားပြောခဲ့ပါတယ်။

အဲဒီနောက်ပိုင်းမှာ၊ ကျောင်းဆရာဆုတောင်းပေးတိုင်း နတ်ဆိုးဟာ ပေါ်ပေါ်လာခဲ့ပါတယ်။ “စလိုးမီ”အနေနဲ့ စူးစူးဝါးဝါးအော်ဟစ်ပြီးတော့ သခင်ဘုရားကိုမထီမဲ့မြင် ပြုခဲ့ပါတယ်။ သူ့ဟာသူ လည်ပင်းညှစ်သတ်ချင်သလို သူ့လည်ပင်းကို သူမအတင်းအကျပ်ဆုပ်ကိုင်ခဲ့ပါတယ်။ တချိန်ထဲမှာ လူသေအနံ့လို ပုပ်သိုးတဲ့အနံ့က တစ်ခန်းလုံး ပြည့်နှက်သွားပါတယ်။ ကျောင်းဆရာအနေနဲ့ “စလိုးမီ” ရဲ့အပြုအမူ ပုံမှန်ပြန်ဖြစ်လာတဲ့အချိနအထိ အမြဲပဲ ဆုတောင်းပေးခဲ့ပါတယ်။

သူမ တည်ငြိမ်တဲ့အခါမှာ ကျောင်းဆရာက သခင်ဘုရားအကြောင်းကိုပြောပြခဲ့ပါတယ်။ “စလိုးမီ” အနေနဲ့ သူ့အသက်တာဟာ သမ္မာကျမ်းစာနဲ့လိုက်ဖက်မှုမရှိတာကို သိမြင်လာခဲ့ပါတယ်။ သတ္တမနေ့ဥပုသ်အကြောင်းကို သူမနားလည်သဘောပေါက်လာခဲ့ပါတယ်။ သူ့ယောက်ျားလေးအဖော်နဲ့အတူ ရှင်သန်နေထိုင်ဖို့ အကျင့်ပျက်စရာဖြစ်တာကို သူမ နားလည်သဘောပေါက်ခဲ့ပါတယ်။ သူမအနေနဲ့ အပြောင်းအလဲတွေစလုပ်ခဲ့ပါတယ်။ သူ့ယောက်ကျ်ားလေးအဖော်ကို သူမစွန့်ပစ်ခဲ့ပြီး၊ ဥပုသ်နေ့မှာ ဘုရားကျောင်းတက်ခဲ့ပါတယ်။

အဲဒီနောက်မှာ သူ့အိမ်မှာ နတ်ဆိုးက တိုက်ခိုက်ခဲ့ပြန်ပါတယ်။ “စလိုးမီ”ဟာခေါင်းအရမ်းကိုက်လို့ ဆုတောင်းပေးဖို့ မြော်လင့်ခြင်းလူငယ်တစ်ဦးကိုဖုန်းဆက်ခေါ်ခဲ့ပါတယ်။ သူ့သူငယ်ချင်းက ဖုန်းပြန်ခေါ်ပေမဲ့ သူမက ဖုန်းမကိုင်ခဲ့ပါ။ သူ့သူငယ်ချင်းကဘာတွေဖြစ်နေသလဲဆိုတာကြည့်ဖို့ “စလိုးမီ”ရဲ့အိမ်သို့ ရောက်လာခဲ့ပါတယ်။ သူမရဲ့အိမ်ထဲသို့ဝင်လာရင်း ပုပ်အဲ့အဲ့အနံ့ကို ရရှိခဲ့ပါတယ်။ ချက်ချင်းပဲ သူမစပြီးဆုတောင်းခဲ့ပါတယ်။ “စလိုးမီ”ရဲ့ လိုအပ်ချက်ဟာ ဆေးဝါး၊ ဆေးရုံတွေမဟုတ်ပဲ သခင်ယေရှုဆိုတာသူမ သိမြင်ခဲ့ပါတယ်။ “စလိုးမီ” အနေနဲ့ ရွေ့လို့မရတာနဲ့ စကားပြောလို့ရတာကို သူမတွေ့မြင်ခဲ့ပါတယ်။ သူမဟာ အကြောတွေသေခဲ့ပါတယ်။ သူ့သူငယ်ချင်းက “စလိုးမီ”ရဲ့အသက်တာ ပုံမှန်ပြန်ဖြစ်တဲ့အချိန်ထိတိုင် သုံးနာရီကြာဆုတောင်းပေးခဲ့ရပါတယ်။

မြော်လင့်ခြင်းအသင်းတော်မှာ နတ်ဆိုးကတိုက်ခိုက်ခဲ့ပြန်ပါတယ်။ ပွဲတော်မင်္ဂလာကျင်းပချိန် မုန့်ဝေငှတဲ့အချိန်မှာ "စလိုးမီ" ဟာ သူ့လက်နဲ့သူ့လည်ပင်းကိုညှစ်ရင်း ကြမ်းပျဉ်ပေါ် လဲကျခဲ့ပါတယ်။ လူအုပ်ရဲ့ဆူညံတဲ့အသံထွက်ပေါ်လာခဲ့ပြီး၊ တစ်ချို့ဟာကြောက်လို့ ထွက်ပြေးခဲ့ကြပါတယ်။ တစ်ခြားလူတွေက ဆုတောင်းပေးခဲ့ကြပြီး၊ တစ်ချို့တွေက သီချင်းတွေဆိုခဲ့ကြပါတယ်။ သူ့လက်နဲ့ "စလိုးမီ" ကစပျစ်ရည်ခွက်တစ်လုံးကို ယူခဲ့ပြီး ကြမးပျဉ်ပေါ်မှာ ထုခဲ့ပါတယ်။ သူ့ဟာသူ ဖြတ်တောက်လို့ရအောင် မုန့်ခွက်ကို ချိုးဖဲ့ဖို့ သူမကြိုးစားခဲ့ပါတယ်။ အသင်းထောက်တွေက "စလိုးမီ" ကို ဘုရားကျောင်းရဲ့အပြင်သို့ သယ်ဆောင်ခဲ့ကြပါတယ်။

တိုက်ခိုက်မှုတိုင်းမှာ "စလိုးမီ" အနေနဲ့ သခင်ဘုရားရဲ့အလိုတော်နဲ့ကိုက်ညီအောင်အသကရှင်ဖို့ ပိုပြီးဆုံးဖြတ်ခဲ့ပါတယ်။ သမ္မာကျမ်းစာသင်တာ သူမပြီးသွားခဲ့ပါပြီ။ရေနှစ်ခြင်းခံယူဖို့ သူမနှလုံးသားကို သခင်ယေရှုဆီမှာ ဆက်ကပ်ဖို့ သူမဆုံးဖြတ်ခဲ့ပါတယ်။

နတ်ဆိုးက နောက်ဆုံးတိုက်ခိုက်မှုလုပ်ခဲ့ပါတယ်။ 'စလိုးမီ' ဟာဘုရားကျောင်းထဲက ရေနှစ်ခြင်းခံတဲ့ကန်နားသို့သွားရင်း လဲကျခဲ့ပါတယ်။ ရေထဲကစောင့်နေတဲ့ပါစတာက သူမရဲ့ရုန်းကန်ကြိုးစားမှုကို တွေ့ပြီး၊ သူမကိုကူဖို့အတွက် 'စလိုးမီ' ရဲ့လက်တစ်ဖက်ကိုလှမ်းကိုင်ဖို့ ကြိုးစားခဲ့ပါတယ်။ ဒါပေမဲ့၊ နတ်ဆိုးက အဲဒီအချိန်မှာ ထိန်းချုပ်နေလို့ ပါစတာ့လက်ကိုကိုင်ဖို့ သူမငြင်းဆိုခဲ့ပါတယ်။ ပါစတာက အဲဒါကို ဂရုမစိုက်ခဲ့ပဲ သူမကိုရေထဲဆွဲယူခဲ့ပါတယ်။ သူမကိုရေထဲသို့နှစ်မြှုပ်ဖို့ သူတွန်းခဲ့ရင်း၊ သူမက အပြင်းအထန်တိုက်ခိုက်ခဲ့ပါတယ်။ ပါစတာအနေနဲ့ ရေနှစ်ခြင်းခံဖို့ ဆန့်ကျင်ပုန်ကန်သူဟာ 'စလိုးမီ'မဟုတ်ပဲ နတ်ဆိုးဖြစ်တာသိခဲ့ပါတယ်။

ရေထဲကနေ စလိုးမီ ထွက်လာတဲ့အခါမှာ နတ်ဆိုးကစွန့်ခွာခဲ့ပါတယ်။ ဝမ်းသာစွာနဲ့သူမပြုံးရယ်ခဲ့ပါတယ်။

ရေနှစ်ခြင်းခံပြီးတဲ့နောက်မှာ နတ်ဆိုးက ဘယ်တော့မှသူမကို မနှောင့်ယှက်တော့ပါ။ ဒါပေမဲ့ ပဥ္စမအကြိမ်မြောက်တက္ကသိုလ်ဝင်ခွင့်စာမွေးပွဲဖြေဖို့ ပြင်ဆင်ရင်း၊နတ်ဆိုးကသူမကို မုန်းတီးစက်ဆုပ်စွာဖြင့် စော်ကားနေခဲ့တာ သူမကြားခဲ့ရပါတယ်။ဘယ်တော့မှ သူမအောင်မြင်မှာမဟုတ်ကြောင်းနဲ့၊ သူမအသက်တာဟာကျရှုံးမှာဖြစ်ကြောင်း သူပြောခဲ့ပါသေးတယ်။ စလိုးမီဟာ စာမေးပွဲအောင်ခဲ့ပါတယ်။

ယခုအချိန်မှာ စလိုးမီဟာ အသက် ၃၁နှစ်ရှိပြီဖြစ်ပြီး၊ ငြိမ်းချမ်းစွာဖြင့်အသက်ရှင်နေပါတယ်။ အသင်းထောက်တစ်ဦးဖြစ်ရုံသာမက၊ သူမပညာသင်ခဲ့တဲ့ မြော်လင့်ခြင်းအထက်တန်းကျောင်းမှာလည်း စာသင်ပေးနေပါတယ်။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ ကိုလေးကြိမ်တိုင် ကျရှုံးခဲ့လို့ သူမက သခင်ဘုရားကိုချီးမွမ်းပါတယ်။

"ကျောင်းဆရာက ကျွန်မအတွက် ဆုတောင်းပေးခဲ့တာရယ်၊ ကျွန်မရဲ့အသက်တာကို နတ်ဆိုးက ပိုင်ဆိုင်ခဲ့တာသိရှိဖို့ရယ်၊ ပြီးတော့ နတ်ဆိုးလက်ထဲမှလွတ်မြောက်ဖို့ရယ်၊ သခင်ဘုရားက စာမေးပွဲကျရှုံးမှုကို အသုံးပြုခဲ့ပါတယ်" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒီစတုတ္ထကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို ကင်မရွန်းနိုင်ငံမှာ ကလေးတွေသခင်ယေရှုဘာသာကို ပြင်သစ်နအင်္ဂလိပ်လိုဘာသာအားဖြင့်သင်ယူလို့ရတဲ့ကျောင်းဖွင့်လှစ်မှာဖြစ်ပါတယ်။ သတ္တမနေ့ မြော်လင့်ခြင်းအသင်းတော်ရဲ့ပညာရေးတိုးချဲ့ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

သင်တို့ရက်ရောစွာ လှူဒါန်းမယ့်အလှူငွေအတွက် အထူးကျေးဇူးတင်ပါတယ်။

# “မျက်စိကန်းသူတွေအတွက် မျှော်လင့်ချက်”

အောက်တိုဘာလ (၂၁)ရက်၊ တင်ပြသူ-Cosmas,ကင်မရွန်းနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

သာမန်အသင်းသားတရားဟောဆရာ Cosmas အနေနဲ့ အနောက်ပိုင်းအာဖရိကတိုက်ထဲက ကင်မရွန်းနိုင်ငံရဲ့ အကြီးဆုံးမြို့Douala မှာ တရားပွဲကျင်းပဖို့ပြင်ဆင်ရင်းမမျှော်လင့်ပဲ မျက်စိကန်းတဲ့အမျိုးသားတစ်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။

“သင့်အနေနဲ့ စီမံကိန်းတစ်ခုခုရှိခဲ့သော် အဲဒါဟာ မျက်စိကန်းသူတွေအတွက်ဖြစ်ရမှာ” ဆိုပြီး မျက်စိကန်းသူက Cosmas ဆီမှာ ပြောခဲ့ပါတယ်။

အဲဒီစကားလုံးတွေဟာ Cosmas ရဲ့စိတ်ထဲမှာ စွဲကျန်နေခဲ့ပါတယ်။

အဲဒီညမှာ သူနဲ့စကားပြောခဲ့တဲ့ မျက်စိကန်းတဲ့အမျိုးသားကို အိပ်မက်မက်ခဲ့ပါတယ်။

နောက်တစ်နေ့မနက်မှာ၊ သူ့အိပ်မက်ဟာ အရင်နေ့က သူဆုံတွေ့ခဲ့တဲ့မျက်စိကန်းသူနဲ့ ဆက်စပ်မှုရှိမလားဆိုတာ သူအံ့သြခဲ့ပါတယ်။

အဲဒီနေ့မှာ တရားပွဲအတွက် ဆက်ပြီးသူပြင်ဆင်ရင်း မျက်စိကန်းသူ၁၀ယောက်နဲ့ သူတွေ့ဆုံခဲ့ပါတယ်။ အဲဒီညမှာ မျက်စိကန်းသူတွေနဲ့ပြည့်နှက်နေတဲ့ ဘောလုံးကွင်းတစ်ခုထဲမှာ သူရှိနေခဲ့တဲ့ အိပ်မက်မက်ခဲ့ပြန်ပါတယ်။ သူနိုးတဲ့အခါ မျက်စိကန်းသူတွေနဲ့အလုပ်လုပ်ဖို့ သခင်ဘုရားက သူ့ကခေါ်နေတာ ဖြစ်ကောင်းဖြစ်လိမ့်မယ်လို့ သူခံစားခဲ့မိပါတယ်။

အဲဒီအိပ်မက်ဟာ ၂၀၁၄ ခုနှစ်ကအိပ်မက်ဖြစ်ပါတယ်။ Cosmas အနေနဲ့မျက်စိကန်းသူ အယောက်၃၅၀ ရှိတဲ့ အဖွဲ့တစ်ခုကိုအုပ်ချုပ်ရပါတယ်။ သူတို့ဆီမှာ တရားဟောပြီးကျမ်းစာသင်ပေးရပါတယ်။ သူတို့ရဲ့ လူမှုရေးနဲ့ပညာရေးလိုအပ်ချက်တွေကို သူကူညီရပါတယ်။ သူတို့အထဲက တစ်ချို့ဟာ ရေနှစ်ခြင်းခံပြီးပါပြီ။ အဲဒီအထဲက မျက်စိကန်းသူ နှစ်ယောက်အကြောင်းရဲ့ ဖြစ်ရပ်မှန်ဝတ္ထုလေးကို ပြောပြချင်ပါတယ်။

## Apollinaire

Apollinaire ဟာ ပြင်သစ်နိုင်ငံသားတစ်ဦးရဲ့ မော်တော်ကားစက်ရုံမှာနှစ်ပေါင်း၂၀ နီးပါး အလုပ်လုပ်ခတဲ့စက်ပြင်ဆရာတစ်ဦးဖြစ်ပါတယ်။ ၁၉၉၀ ခုနှစ်မှာ သူဟာမျက်စိဝေဒနာကို စပြီးခံစားခဲ့ရပါတယ်။ သူ့အမြင်အာရုံဟာမှိန်သွားပြီး၊ နောက်ဆုံးမှာသူ့မျက်စိနှစ်ဖက်စလုံး အမြင်အာရုံဆုံးရှုံးခဲ့ရတဲ့အပြင် ၂၀၀၄ ခုနှစ်မှာ သူ့အလုပ်ပါစွန့်ဆုံးရှုံးခဲ့ရပါတယ်။

အိမ်မှာ ရေဒီယိုနားထောင်ခြင်းဖြင့် အချိန်တွေကိုကုန်ဆုံးခဲ့ရပါတယ်။ စနေနေ့ညနေပိုင်းမှာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်မှအသံလွှင့်တဲ့ It is Written အစီအစဉ်ကို သူကြားခဲ့ရပါတယ်။ Cosmas အနေနဲ့ မျက်စိကန်းသူတွေအတွက်တစ်နာရီအစီအစဉ်မှာ တရားဟောခဲ့ပါတယ်။ ဥပုသ်နေ့မနက်ပိုင်းမှာ ဘုရားကျောင်းတက်ဖို့တရားနားထောင်သူတွေကို Cosmos ခေါ်ဖိတ်ခဲ့ပါတယ်။

တနင်္လာနေ့မှာ၊ Apollinaire အနေနဲ့ Cosmas ကို ရှာတွေ့ဖို့ ရေဒီယိုအသံလွှင့်ဌာနသို့ သွားခဲ့ပါတယ်။ ဒီတစ်ပတ်အတွင်း Cosmas ဆေးရုံတစ်ရုံမှာအလုပ်လုပ်နေ ကြောင်း၊အသံလွှင့်နည်းစနစ် ကိုင်သူတစ်ဦးက သူ့ကို ပြောပြခဲ့ပါတယ်။ ဒါကြောင့်မို့Apollinaire အနေနဲ့ ဆေးရုံကိုသွားပြီးတော့၊ Cosmas ကိုရှာပြီး ဥပုသ်နေ့မှာဘုရား ကျောင်းမှာဆုံတွေ့ကြဖို့ သဘောတူခဲ့ကြပါတယ်။ အဲဒီနောက်ပိုင်းမှာ Apollinaire ဟာ ဥပုသ်နေ့တိုင်း ဘုရားကျောင်းတက်ခဲ့ပါတယ်။

မကြာခင်မှာပဲ၊ သူဟာရေနှစ်ခြင်းခံယူပြီး မြော်လင့်ခြင်းအသင်းသားတစ်ဦးဖြစ်လာခဲ့ပါတယ်။

ယခုအချိန်မှာ၊ သူဟာ အသက် ၅၈ နှစ်ရှိပြီး၊ ဘုရားသားသမီးတွေရောမျက်စိကန်းသူတွေနဲ့ပါ ဘုရားဝတ်ပြုရတာ အရမ်းဝမ်းသာကြောင်းသူပြောခဲ့ပါတယ်။ “လူ့အဖွဲ့အစည်းက ကျွန်ုပ်တို့ကိုငြင်းဆန်နေချိန်မှာ၊ မျက်စိကန်းသူတွေကို အလေးထားပြီးရှာတွေ့ခဲ့တာ ကျွန်တော့အနေနဲ့မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရပါတယ်” ဆိုပြီး သူကပြောခဲ့ပါတယ်။

## Flora

Flora ဟာ အသက် ၃၂ နှစ်ရှိပြီဖြစ်ပြီးတော့၊ ခေါင်းကိုက်ရောဂါကိုစပြီးခံစားခဲ့ရပါတယ်။ သူ့မှာ မျက်စိပြဿနာတစ်ခုမှမရှိခဲ့ပါ။ ဒါပေမဲ့၊ ၃လအတွင်းမှာပဲ သူ့ရဲ့အမြင်အာရုံတွေဆုံးရှုံးခဲ့ရပါတယ်။

Flora အနေနဲ့ လူမှုအဖွဲ့အစည်းက ငြင်းဆန်ခဲ့တယ်လို့ ခံစားခဲ့ရပါတယ်။ အိမ်မှာ အထီးကျန်နေခဲ့ပြီး It is Written ရေဒီယိုကို နားထောင်ခဲ့မိပါတယ်။ Cosmos ဦးဆောင်တဲ့အစီအစဉ်ကို သူမ နှစ်သက်ခဲ့ပါတယ်။

Flora အနေနဲ့ သခင်ယေရှုကို လူသားဘုန်းကြီးတစ်ပါးလို၊ ပြဿနာနဲ့ကြုံတွေ့တဲ့အခါ အကူအညီတောင်းလို့ရတဲ့ ပုဂ္ဂိုလ်အဖြစ်အမြဲထင်မြင်ယူဆခဲ့ပါတယ်။ ဒါပေမဲ့ယေဒီယိုနားထောင်ရင်းနဲ့ အသက်တာကိုပြောင်းလဲစေတဲ့ သခင်ယေရှု အကြောင်းကိုသိရှိနားလည်လာခဲ့ပါတယ်။ မျက်စိကန်းတဲ့လူတွေကို မြော်လင့်ခြင်းအသင်းတော်က
တန်ဖိုးထားတယ်ဆိုတာ ကြားခဲ့ရလို့ ဥပုသ်နေ့မှာဘုရားကျောင်းသို့ သွားခဲ့ပါတယ်။

တစ်လလွန်သွားတဲ့အခါ သူမပြန်ပြီးတော့ ပြုံးရွှင်လာခဲ့ပြီးပျော်ရွှင်မှုကို ခံစားခဲ့ရပြန်ပါတယ်။ သူ့ပျော်ရွှင်မှုကို တစ်ခြားလူတွေဆီမှာ ဝေငှသက်သေခံဖို့ဆန္ဒပြင်းပြလာခဲ့ပါတယ်။ ပြီးတော့၊ သူမ ရေနှစ်ခြင်းခံယူပြီး မြော်လင့်ခြင်းအသင်းတော်ထဲသို့ ဝင်လာခဲ့ပါတယ်။

နောက်ပြီးတော့ Flora အနေနဲ့ သူမနဲ့အိမ်ထောင်ပြုချင်တဲ့အသင်းသားတစ်ဦးနဲ့ တွေ့ဆုံခဲ့ပါတယ်။ သူ့မိသားစုက အိမ်ထောင်ပြုတာကိုဆန့်ကျင်ခဲ့ကြပါတယ်။ ဒါပေမဲ့၊သူက "ကျွန်တော် တကယ်လို့မျက်စိကန်းခဲ့သော်၊ အိမ်ထောင်ပြုစေချင်တယ်မဟုတ်ဘူးလား" ဆိုပြီး သူကမေးခဲ့ပါတယ်။ သူတို့အနေနဲ့ သူ့ကို အိမ်ထောင်ပြုဖို့အတည်ပြုခဲ့တဲ့အခါ "Flora နဲ့အိမ်ထောင်ပြုပါရစေ" ဆိုပြီး သူကပြောခဲ့ပါတယ်။ ဒါနဲ့ ၂၀၂၂ ခုနှစ်မှာ အိမ်ထောင်ပြုခဲ့ကြပါတယ်။

ယခုအချိန်မှာ Flora ဟာ အသက် ၄၀ ရှိပြီး၊ မျက်စိကန်းသူတွေကို ကွန်ပြူတာသင်ပေးရပါတယ်။ သူ့ရဲ့ အကြီးမားဆုံးပျော်ရွှင်မှုဟာ သခင်ယေရှုကလူတွေကိုချစ်ပြီးတစ်စုံတစ်ယောက်မှ သူမငြင်းဆန်ခဲ့ကြောင်း ပြောပြနေတာဖြစ်ပါတယ်။

"ကျွန်မဟာ မျက်စိကန်းသူတစ်ယောက်ဖြစ်ပေမဲ့ ပျော်ရွှင်စွာဖြင့် အသက်ရှင်နေပါတယ်။ ဒီကမ္ဘာမှာ နေရာတစ်နေရာကျွန်မပိုင်ဆိုင်ရပြီးတော့ လိုအပ်တာဘာတစခုမှ မရှိပါဘူး" ဆိုပြီး သူမက ပြောခဲ့ပါတယ်။

ဒီစတုတ္ထကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို ၁၉၆၃ ခုနှစ်မှာ၊ ကင်မရွန်းနိုင်ငံ It is Written ရေဒီယိုအစီအစဉ်ကို စတင်ထူထောင်ခဲ့တဲ့ ဆွစ်ဇလန်နိုင်ငံမှ သာသနာပြုသူရဲ့အလုပ်ကို ဆက်လက်ပြုလုပ်ရာမှာ အသုံးပြုသွားမှာဖြစ်ပါ တယ်။ သာသနာပြုသူ Aime Cosendai အနေနဲ့ ကင်မရွန်းနိုင်ငံက အသင်းတော်ရဲ့အလုပ်ကို တီထွင်ကြံဆခဲ့ပြီး၊ သူအလုပ်လုပ်ခဲ့တဲ့နှစ်ငါးဆယ်ကျော်အတွင်းမှာ အသင်းတော်ကျောင်းတွေကို ရာနဲ့ချီပြီး ဖွင့်လှစ်တည်ထောင်ခဲ့ပါတယ်။

ဒီစတုတ္ထကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် အခြားအသင်းတော်ကျောင်း တစ်ကျောင်းဖွင့်ဖို့နဲ့၊ ကလေးတွေကသခင်ယေရှုအကြောင်းကိုပြင်သစ်နဲ့အင်္ဂလိပ်ဘာသာအားဖြင့် သင်ယူလို့ရအောင် ဘာသာစကားနှစ်မျိုးသင်တဲ့ကျောင်းတစ်ကျောင်းဖွင့်တဲ့နေရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

အနောက်ပိုင်း အာဖရိကတိုက်မှာ သာသနာပြုလုပ်ငန်း တိုးတက်ဖို့အတွက်သင်တို့ရက်ရောစွာလှူဒါန်းမယ့် အလှူငွေအတွက်အထူးကျေးဇူးတင်ပါတယ်။

# “အဖိုးကြီးက အကြာကြီး စောင့်ခဲ့”

အောက်တိုဘာလ (၂၈)ရက်၊ တင်ပြသူ-Cosmas,ကင်မရွန်းနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

အနောက်ပိုင်းအာဖရိကတိုက် ကင်မရွန်းနိုင်ငံက အဖိုးကြီးတစ်ဦးရဲ့ဖြစ်ရပ်မှန်ဝတ္ထုလေးဖြစ်ပါတယ်။

Mbassi အနေနဲ့ မြို့တော် Yaounde က ဆေးလိပ်ကုမ္ပဏီတစ်ခုမှာအလုပ်လုပ်ခဲ့ပါတယ်။ စီးကရက်တွေကို သူပြုလုပ်ခဲ့ရပါတယ်။

အဲဒီမြို့ကြီးမှာ ၁၉၅၃ ခုနှစ်တုန်းက သမ္မာကျမ်းစာသင်ပေးခဲ့တဲ့ဆွစ်ဇာလန်နိုင်ငံက သာသနာပြုသူတစ်ဦးနဲ့သူဆုံတွေ့ခဲ့ပါတယ်။ သူ့အနေနဲ့သူဖတ်ရှုခဲ့တဲ့အချက်ကိုအရမ်းစိတ်ဝင်စားခဲ့ပြီး၊ သတ္တမနေ့ဥပုသ်ကိုစတင်စောင့်ခဲ့ပါတယ်။ သခင်ယေရှုဆီမှာသူ့အသက်တာကိုဆက်ကပ်ဖို့နဲ့ ရေနှစ်ခြင်းခံဖို့ ဆန္ဒပြင်းပြခဲ့ပါတယ်။ ရေနှစ်ခြင်းခံဖို့အတွက် သူတောင်းဆိုခဲ့ပါတယ်။

ဒါပေမဲ့၊ သူက ဆေးလိပ်ကုမ္ပဏီတစ်ခုမှာ အလုပ်လုပ်တဲ့အတွက် သူ့တောင်းဆိုမှုကိုငြင်းဆန်ခဲ့ကြပါတယ်။ ပြီးတော့ ဥပုသ်နေ့မှာလည်း အလုပ်လုပ်ခဲ့ရပါသေးတယ်။

Mbassi အနေနဲ့ အရမ်းစိတ်ပျက်ခဲ့ပေမဲ့၊ အဆင်ပြေတဲ့အခါ ဥပုသ်နေ့မှာဘုရားကျောင်းသွားခဲ့ပါတယ်။ ယခုထိတိုင်အောင်၊ သူဘုရားကျောင်းသွားတိုင်း အလုပ်မှာပြဿနာတွေ ရှိခဲ့ပါတယ်။ နောက်ဆုံးမှာ ဥပုသ်နေ့ပြဿနာကြောင့် အလုပ်ထွက်ခဲ့ရပါတယ်။

အလုပ်မရှိတော့တဲ့အတွက်၊ Mbassi အနေနဲ့ သူ့ဇာတိမြို့သို့ပြန်လာခဲ့ပါတယ်။သူရေနှစ်ခြင်းမခံရသေးပေမဲ့၊ ဥပုသ်နေ့ကိုတော့ဆက်ပြီး သူစောင့်ရှောက်ခဲ့ပါတယ်။ သူဥပုသ်နေ့စောင့်တာ ၅၂ နှစ်တောင် ပြည့်သွားပြီဖြစ်ပါတယ်။

Mbassi ဟာ ဆံပင်တွေဖြူပြီး အသက်ကြီးလာခဲ့ပါတယ်။ သူ့မျက်စိတွေလည်းမှုန်လာခဲ့ပါတယ်။ ရေနှစ်ခြင်းခံဖို့ သူအရမ်းတောင့်တခဲ့ပါတယ်။

တစ်နေ့မှာ၊ မြော်လင့်ခြင်းအသင်းတော်မှ ဆရာတစ်ဦးဟာသူနေထိုင်တဲ့မြို့သို့တရားပွဲကျင်းပဖို့ ရောက်လာခဲ့ပါတယ်။ မြို့သားတွေက သတ္တမနေ့ဥပုသ်ကိုသူစောင့်ရှောက်နေတာ ကြားသိတဲ့အခါ၊ သူတို့မြို့ထဲက အဖိုးကြီးအနေနဲ့ ဥပုသ်တော်နေ့စောင့်ရှောက်နေတဲ့အကြောင်းကို သူ့ကို ပြောပြခဲ့ကြပါတယ်။

“အဖိုးကြီးမှာ ပါစတာဖြစ်နေတဲ့တူတစ်ယောက်ရှိပါတယ်။ ဒါပေမဲ့ သူ့တူရဲ့အသင်းတော်ဟာ သူ့အိမ်ကနေလမ်းမကြီးတစ်ဖက်မှာ တည်ရှိပေမဲ့၊တနင်္ဂနွေနေ့ ဝတ်ပြုအစီအစဉ်မှာ သူမတက်ခဲ့ပါ” ဆိုပြီး တစ်ယောက်က ပြောခဲ့ပါတယ်။

“သူ့အိမ်ကနေ လမ်းမကြီးအောက်ပိုင်းမှာလည်း အခြားအသင်းတော်တစ်ပါးရှိပါတယ်။ ဒါပေမဲ့ တနင်္ဂနွေနေ့မှာ ဘုရားဝတ်ပြုဖို့ အဲဒီမှာလည်း သူမသွားခဲ့ဘူး” ဆိုပြီး နောက်တစ်ယောက်ကပြောခဲ့ပါတယ်။

မြော်လင့်ခြင်းပါစတာအနေနဲ့ မြို့သားတွေက အဖိုးကြီးကို သူရေနှစ်ခြင်းတစ်ခါမှမခံလို့ နာမည်အားဖြင့်ပဲ မြော်လင့်ခြင်း အသင်းသားဖြစ်တယ်လို့ ပျက်ရယ်ပြုပြောတာလည်း ကြားသိခဲ့ရပါတယ်။

တရားဟောဆရာအနေနဲ့ အရာအားလုံးကိုချလိုက်ခဲ့ပြီးတော့၊ အဖိုးကြီးအိမ်ကိုအပြေးအလွှားသွားခဲ့ပါတယ်။

Mbassi ဟာ ဖျားနေလို့ ကုတင်ပေါ်မှာ လဲလျောင်းနေခဲ့ပါတယ်။

“သခင်ဘုရား ရေနှစ်ခြင်းမခံပဲနဲ့ ဘယ်လိုကျွန်တော်သေလို့ရမလဲ။ ၁၉၅၃ ခုနှစ်ကနေစပြီး ကျွန်တော် ဥပုသ်နေ့ကိုစောင့်ရှောက်ခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်တော်ရေနှစ်ခြင်းမခံသေးပါဘူး။ ကျွန်တော်ဟာ ကိုယ်တော့သားဖြစ်တယ်ဆိုရင် ကျွန်တော်မသေခင် ရေနှစ်ခြင်းခံလို့ရအောင် မစတော်မူပါ” ဆိုပြီး လွန်ခဲ့တဲ့နှစ်ရက်အတွင်းက သူဆုတောင်းခဲ့ကြောင်း ပြောပြခဲ့ပါတယ်။

တရားဟောဆရာနဲ့ အဖိုးကြီးတို့ အတူတူဆုတောင်းခဲ့ကြပါတယ်။

နောက်ပြီးတော့၊ တရားဟောဆရာနဲ့အဖိုးကြီးတို့ဟာ နှစ်ပတ်တိတိသမ္မာကျမ်းစာသင်ခဲ့ကြပါတယ်။ တရားဟောဆရာ Cosmas ဟာ Yaounde မြို့ကနေ၄၅မိုင်ဝေး တဲ့ မြော်လင့်ခြင်းဆေးရုံမှာ အလုပ်လုပ်ခဲ့ပါတယ်။ နေ့တိုင်း သမ္မာကျမ်းစာသင်ပေးဖို့အတွက် ခက်ခဲတဲ့ ခရီးလမ်းကိုသွားခဲ့ရပါတယ်။

နောက်ဆုံးမှာ Mbassi လည်းရေနှစ်ခြင်းခံယူလိုက်ပါတယ်။ သူ့အသက်က တော့ ၈၄ နှစ်ဖြစ်ပါတယ်။ သူဟာ အားနည်းနေလို့ မြစ်နားအထိထမ်းခဲ့ရပါတယ်။ပြုံးရွှင်စွာနဲ့ရေနှစ်ခြင်းခံယူပြီး၊ ပြုံးရွှင်စွာနဲ့ရေထဲကနေ ထွက်လာခပါတယ်။ သခင်ဘုရား

က သူ့ဆုတောင်းချက်တွေကို နားညောင်းခဲ့ပြီး သူရေနှစ်ခြင်းခံခဲ့တာဖြစ်ပါတယ်။

ဒီစတုတ္ထကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့ကို ၁၉၅၀ ခုနှစ်ကဆွစ်ဇာလန်နိုင်ငံမှ Mbassi ကို သမ္မာကျမ်းစာသင်ပေးခဲ့တဲ့၊ သာသနာပြုသူရဲ့အလုပ် ကိုဆက်လက်ပြုလုပ်ရာမှာအသုံးပြုသွားမှာဖြစ်ပါတယ်။ သာသနာပြုသူ Aime Cosendai အနေနဲ့ ကင်မရွန်းနိုင်ငံက အသင်းတော်ရဲ့အလုပ်ကို တီထွင်ကြံဆပြီး ရာနဲ့ချီတဲ့အသင်းတော်ကျောင်းတွေကို ဖွင့်လှစ်တည်ထောင်ခဲ့ပါတယ်။

ဒီစတုတ္ထကွာတာရဲ့ ၁၃ပတ် ဥပုသ်တော်နေ့အလှူငွေတစ်ချို့အားဖြင့် ကလေးတွေအတွက်အင်္ဂလိပ်၊ ပြင်သစ် ဘာသာနှစ်မျိုးသင်ကြားတဲ့ ကျောင်းတစ်ကျောင်းဖွင့်ဖို့အတွက် ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

သင်တို့ရက်ရောစွာ လှူဒါန်းမယ့်အလှူငွေအတွက်အထူးကျေးဇူးတင်ပါတယ်။

## "မမြင်နိုင်တဲ့လက်နဲ့ လည်ပင်းညှစ်ခဲ့တယ်"

နိုဝင်ဘာလ (၄)ရက်၊ တင်ပြသူ-Theophane, Guinea နိုင်ငံ၊
(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

Guine နိုင်ငံတွင် စနေနေ့တမနက်မှာ၊ Theophane အနေနဲ့ အစိုးရအထက်တန်းကျောင်းသို့ ကျောင်းသွားရန်ပြင်ဆင်နေချိန် တစ်စုံတစ်ခုဖြစ်ပျက်ခဲ့ပါတယ်။ တစ်စုံတစ်ဦးက သူ့လည်ပင်းကို ဖမ်းကိုင်ခဲ့ပါတယ်။

ဒါပေမဲ့၊ Theophane အနေနဲ့ သူ့လည်ပင်းကိုဖမ်းကိုင်သူအားမတွေ့လိုက်ရပါ။ သူသိတာက သူလည်ပင်းညှစ်ခံရပြီး သူအသက်ရှုလို့မရတာပါ။ သူဟာထိတ်လန့်ပြီးအိမ်ကနေ ကျောင်းသို့ထွက်ပြေးလာခဲ့ပါတယ်။ သိပ်မကြာခင်မှာ သူပုံမှန်အသက်ရှုလို့ပြန်ရခဲ့ပါတယ်။

ဒါပေမဲ့ အစပိုင်းပဲ ဖြစ်ခဲ့ပါတယ်။ Theophane အနေနဲ့ သူမမျှော်လင့်တဲ့အချိန်မှာပဲ မြင်လို့မရတဲ့လက်က သူ့လည်ပင်းအားဝိုင်းပတ်နေတာကို ခံစားခဲ့ရပြီး၊ သူအသက်ရှုရတာကျပ်လာခဲ့ပါတယ်။ အမိအရအသက်ရှုလို့ရအောင် သူထွက်ပြေးပြီး အသက်ရှုလို့ရတဲ့နေရာတွေ့ဖို့ ကြိုးစားခဲ့ရပါတယ်။

Theophane ရဲ့ အဖေက ဆေးရုံမှာသွားပြပေမဲ့ ဆရာဝန်အနေနဲ့အနာအဆာတစ်ခုမှ မတွေ့ရလို့ "ပုံမှန်ပါပဲ" ဆိုပြီး သူပြောခဲ့ပါတယ်။

Theophane ရဲ့အဖေက အခြားဆေးရုံတစ်ရုံမှာ သွားပြပြန်ပေမဲ့၊အဲဒီဆရာဝန်ကလည်း အနာအဆာတစ်ခုမှမတွေ့ခဲ့လို့"သင့်ကျန်းမာရေးဟာ ကောင်းပါတယ်"ဆိုပြီး သူပြောခဲ့ပါတယ်။

ဒါပေမဲ့ Theophane အနေနဲ့ တစ်ခုခုတော့မှားနေတယ်ဆိုတာ သိခဲ့ပါတယ်။သူအသက်ရှုလို့မရသေးပါ။

သူ့အဖေကသူ့ကိုစိတ်ရောဂါဆေးရုံမှာသွားပြတဲ့အခါ၊ ဆရာဝန်အနေနဲ့ ဆေးသောက်ခိုင်းခဲ့ပါတယ်။ ဆေးသောက်ပြီးတဲ့နောက် Theophane အနေနဲ့ သက်သာသလိုခံစားခဲ့ရပါတယ်။ ဒါပေမဲ့ဆေးပြားတွေက တိုက်ခိုက်မှုကို အဆုံးမသတ်စေနိုင်ခဲ့ပါ။ မကြာခင်မှာ ဆေးပြားတွေကအကျိုးသက်ရောက်မှုမရှိတော့လို့ သူဘာလုပ်ရမှန်းမသိခဲ့ပါ။

အသံတစ်သံက တိုးတိုးလေးနဲ့"ဘုရားကျောင်းသွားလိုက်စမ်းပါ" ဆိုပြီးပြောခဲ့ပါတယ်။

Theophane အနေနဲ့တော့ ယောက်ျားလေးဘဝကနေ တနင်္ဂနွေနေ့တိုင်းဘုရားကျောင်းသွားရလို့ နားမလည်နိုင်ခဲ့ပါ။ လွန်ခဲ့တဲ့နှစ်ကစပြီး ဘုရားကျောင်းမသွားတော့ပါ။ဘုရားကျောင်းသွားဖို့လည်း ဘာအကျိုးအကြောင်းမှမရှိလို့ ခုနကြားခဲ့ရတဲ့အသံကိုလဲလစ်လျူရှုခဲ့ပါတယ်။

ဒါပေမဲ့ တိုက်ခိုက်မှုက ရှိနေဆဲဖြစ်ပြီး "ဘုရားကျောင်းသွားလိုက်စမ်းပါ" ဆိုတဲ့အသံလည်း ကြားနေရဆဲပါ။

Theophane အနေနဲ့ သခင်ဘုရားက သူ့ကို ဆက်ဆံနေသလားဆိုတာသူအံ့ဩနေမိခဲ့ပါတယ်။ သူ့အနေနဲ့ သမ္မာကျမ်းစာကိုစလေ့လာခဲ့ပါတယ်။ သမ္မာကျမ်းစာဖတ်ပြီးတဲ့နောက်မှာ ညဖက်ပိုပြီးအိပ်ပျော်ခဲ့ပါတယ်။ အဲဒါနဲ့ တနင်္ဂနွေနေတိုင်း သူ့မိသားစုနဲ့အတူ ဘုရားကျောင်းသွားဖို့ သူဆုံးဖြတ်ခဲ့ပါတယ်။

အဲဒီအချိန်မှာ Theophane ရဲ့ဦးလေးဟာ သူတို့အိမ် လာလည်ခဲ့ပါတယ်။Theophane အနေနဲ့ အသက်ရှုလို့မရအောင်တိုက်ခိုက်မှုမရှိတော့ကြောင်း သူ့ဦးလေးကိုပြောပြခဲ့ပါတယ်။ ဘုရားကျောင်းသွားဖို့လုံးဝမလျှော့ပဲ ပြောနေတဲ့အကြောင်းကိုလဲသူပြောပြခဲ့ပါတယ်။

Theophane ရဲ့ ဦးလေးဟာ မြော်လင့်ခြင်းအသင်းသားတစ်ဦးဖြစ်ပြီး၊Guineaနိုင်ငံမှာ ကမ္ဘာအနှံ့သာသနာပြုနဲ့နယ်သစ်တိုးချဲ့သူတစ်ဦးအနေနဲ့ အမှုတော်ထမ်းဆောင်ခဲ့ပါတယ်။ ကမ္ဘာအနှံ့သာသနာပြုနဲ့ နယ်သစ်တိုးချဲ့သူတစ်ဦးဟာ သူ့နိုင်ငံထဲက လက်လှမ်းမမီနိုင်တဲ့ လူ့အဖွဲ့အစည်းတွေဆီမှာ သခင်ယေရှုအကြောင်းကို သက်သေခံတဲ့သာ သနာပြုတစ်ဦးဖြစ်ပါတယ်။ Theophane ရဲ့ ဦးလေးအနေနဲ့ များသောအားဖြင့်ခရစ်ယာန်မဟုတ်တဲ့လူတွေနဲ့ အလုပ်လုပ်ခဲ့ပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ သူ့တူအရင်းက အကူ အညီလိုအပ်နေတာ သူတွေ့မြင်ခဲ့ပါတယ်။

"ဆုတောင်းဖို့အတွက် မြော်လင့်ခြင်းအသင်းတော်မှာ သင် လာကိုလာရမယ်။ဒါဟာ သင့်အတွက် အကောင်းဆုံးဖြေရှင်းနည်း ဖြစ်လိမ့်မယ်" ဆိုပြီး သူ့ဦးလေးကပြောခဲ့ပါတယ်။

နောက်စနေနေ့မှာ Theophane အနေနဲ့ သူ့ဦးလေးနဲ့အတူဘုရားကျောင်းသွားခဲ့ပြီး၊ အဲဒီမှာ တစ်နေကုန်နေခဲ့ရပါတယ်။ နေဝင်ပြီးမှ သူအိမ်ပြန်လာပြီး၊ တစ်ခါမှမကြုံရသေးတဲ့ ငြိမ်းချမ်းမှုကို သူခံစားခဲ့ရပါတယ်။ အဲဒီညမှာ လပေါင်းများစွာကထက်ပိုပြီးကျန်းမာစွာဖြင့် အိပ်လို့ရခဲ့ပါတယ်။

အဲဒီနောက်ပင်းမှာ၊ Theophane အနေနဲ့ဥပုသ်နေ့တိုင်း ဘုရားကျောင်းသွားခဲ့ပါတယ်။ တနင်္ဂနွေနေ့နဲ့ကြာသပတေးနေ့ ဆုတောင်းခြင်းအစီအစဉ်အတွက် ဘုရားကျောင်းသွားခဲ့ပါတယ်။ နတ်ဆိုးရဲ့တိုက်ခိုက်မှုတွေအဆုံးသတ်ဖို့အတွက် သခင်ယေရှုကကြားဝင်လုပ်ဆောင်ပေးဖို့ သူတို့ဆုတောင်းပေးခဲ့ကြပါတယ်။

အချိန်ကုန်လွန်သွားသလို၊ နတ်ဆိုးတွေရဲ့တိုက်ခိုက်မှုတွေဟာ တစ်နေ့ထက်တစ်နေ့လျော့နည်းလာပြီး၊ နောက်ဆုံးမှာ သူတို့ရပ်ဆိုင်းသွားပါတယ်။ Theophane အနေနဲ့ အသင်းတော်ရဲ့အရေးကြီးမှုကို သိရှိနားလည်လာခဲ့ပါတယ်။ ဆရာဝန်တွေက သူ့ကိုမကူညီနိုင်ခဲ့ကြပါ။ သခင်ယေရှုကပဲ သူ့ကို ကယ်နိုင်ခဲ့ပါတယ်။ သူ့နှလုံးသားကိုသခင်ခရစ်တော်ဆီမှာ ဆက်ကပ်ခဲ့ပြီး သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ထဲသို့ ဝင်ခဲ့ပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်တုန်းက သင်တို့ရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေအားဖြင့်Guinea နိုင်ငံ၊ Conakry မြို့က သတ္တမနေ့မြော်လင့်ခြင်း အသင်းတော်ကျောင်းရဲ့စာသင်ခန်းအသစ်တွေတိုးချဲ့ဖို့အတွက် ထောက်ပံ့ကူညီခဲ့လို့ ကျေးဇူးတင်ပါတယ်။ လာမယ့်ဥပုသ်တော်နေ့မှာလည်း Theophane ရဲ့ဖြစ်ရပ်မှန်ဝတ္ထုကို ဆက်လက်နားဆင်ကြပါစို့။

-ဝ-

## "ပြောင်းလဲခဲ့တယ်"

နိုဝင်ဘာလ (၁၁)ရက်၊ တင်ပြသူ-Theophane,Guinea နိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

အနောက်ပိုင်းအာဖရိကတိုက်ထဲက Guinea နိုင်ငံမှာ Theophane မြော်လင့်ခြင်း အသင်းတော်ထဲဝင်သွားလို့ သူ့အဖေက ဝမ်းနည်းခဲ့ပါတယ်။ အဖေဟာတစ်ခြားဂိုဏ်းဂဏက ခေါင်းဆောင်တစ်ဦးဖြစ်ပြီး၊ သားကတော့ မတူညီတဲ့ယုံကြည်မှုကိုရွေးချယ်ခဲ့လို့ သူရှက်မိခဲ့ပါတယ်။

"သင့်မှာ စိတ်ပြောင်းလဲဖို့အချိန် တစ်ပတ်ရှိပါတယ်။ တနင်္ဂနွေနေ့မှာ ဘုရားကျောင်းမသွားဘူးဆိုရင် ကျွန်ုပ်တို့ဝေးဝေးနေတာပိုကောင်းလိမ့်မယ်" ဆိုပြီး အဖေကပြောခဲ့ပါတယ်။

Theophane ဟာ ဝမ်းနည်းခဲ့ပါတယ်။ သူ့အဖေကို သူသိပ်ချစ်ခဲ့ပါတယ်။ ဒါပေမယ့် မြော်လင့်ခြင်းအသင်းတော်ဘုရား ကျောင်းမှာသွားဖို့ သူ့ဦးလေးတစ်ဦးက ခေါ်ဖိတ်ပြီးတဲ့နောက်မှာ သခင်ယေရှုရဲ့ဘုန်းတန်ခိုးတော်ကို သူကြုံတွေ့ခဲ့ရပါတယ်။ နတ်ဆိုးတက်ခိုက်တဲ့ ဝေဒနာခံစားရမှုကို မြော်လင့်ခြင်းအသင်းသားတွေက ဆုတောင်းပေးတဲ့အခါကျမှ ရပ်စဲခဲ့ပါတယ်။ ပြီးတော့၊ သမ္မာကျမ်းစာကိုဖတ်ရလေ့လာတဲ့အခါ၊ ခရစ်ယာန်တွေက တစ်ပတ်တာရဲ့ပထမဆုံးနေ့ တနင်္ဂနွေနေ့မှာမဟုတ်ပဲ သတ္တမနေ့ဥပုသ်တော်နေ့မှာ ဘုရားဝတ်ပြုကိုးကွယ်ရမယ်ဆိုတာ သူသိရှိနားလည်ခဲ့ပါတယ်။ Theophane အနေနဲ့ ပြီးခဲ့တဲ့အချိန်ကလို အသက်မရှင်ချင်တောပါဘူး။ အိမ်ကနေ သူထွက်သွားခဲ့ပြီး ရပ်ကွက်ထဲမှာနေထိုင်တဲ့ သူငယ်ချင်းတစ်ဦးဆီသို့ ရွှေ့ပြောင်းခဲ့ပါတယ်။

Theophane ရဲ့အဖိုးက ကြားဝင်ဖျန်ဖြေဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ မိသားစုထဲမှာသူ့အသက်ကြီးဆုံးဖြစ်သလို သူ့ကိုအလွန်ရိုသေလေးစားခဲ့ကြပါတယ်။ Theophane ရဲ့နာမည်ကို သူ့နာမည်မှ မှည့်ရတာဖြစ်ပါတယ်။

"သင်ဟာရှုပ်ထွေးခဲ့ပါတယ်။ ဘုန်းကြီးတစ်ပါးနဲ့ဆုံတွေ့ဖို့ ကျွန်တော်စီစဉ်ပါ့မယ်။ သူက အမှန်တရားကိုသိရှိနားလည်ဖို့ကူညီပါလိမ့်မည်" ဆိုပြီး အဖိုးကပြောခဲ့ပါတယ်။

အဖိုးနဲ့အဖေတို့က Theophane ကို ဘုန်းကြီးတစ်ပါးအိမ်သို့ခေါ်ဆောင်သွားခဲ့ပါတယ်။ သူက သာမန်ဘုန်းကြီးတစ်ပါးမဟုတ်ပါ။ ဘုရားတရားမှာခေါင်းဆောင်တစ်ဦးဖြစ်တဲ့အပြင်၊ တက္ကသိုလ်တစ်ခုမှာ ဘာသာရေးသင်ပေးနေသူတစ်ဦးဖြစ်ပါတယ်။

"ဘာဖြစ်လို့ အသင်းတော်ကနေထွက်သွားတာလဲ" ဆိုပြီး ဘုန်းကြီးTheophane ကိုမေးခဲ့ပါတယ်။

Theophane အနေနဲ့ သမ္မာကျမ်းစာအုပ်ထဲက ထွက်မြောက်ရာကျမ်းအခန်းကြီး ၂၀ ကိုဖွင့်ခဲ့ပါတယ်။ ပြီးတော့၊ "ပညတ်တော်(၁၀)ပါးအကြောင်းကို ကျွန်တော်လေ့လာချင်လို့ပါ" ဆိုပြီး သူကပြောခဲ့ပါတယ်။

"ငါမှတစ်ပါးအခြားသောဘုရားကမကိုးကွယ်နှင့်" (ထွက် ၂၀း၃) ဆိုတဲ့ ပထမပညတ်ကို သူဖတ်ပြခဲ့ပါတယ်။ ပြီးတော့"ရုပ်တုဆင်းတုကို ကိုယ့်အဘို့မလုပ်နှင့်။ ဦးမချ ဝတ်မပြုနှင့်" (ထွက် ၂၀း၄-၅) ဆိုတဲ့ ဒုတိယပညတ်တော်ကို သူဖတ်ပြခဲ့ပါတယ်။

ဘုန်းကြီးဖက်မှာမျက်နှာလုည့်ပြီးတော့၊ ပထမနဲ့ဒုတိယပညတ်ကို ရှင်းပြဖို့ သူတောင်းဆိုခဲ့ပါတယ်။

ဘုရားကျောင်းထဲက ရုပ်တုတွေအတွက် ဘုန်းကြီးကကာကွယ်ပြောဆိုခဲ့ပါ တယ်။ မောရှေက တောထဲမှာပြုလုပ်တဲ့မြွေကြေးနီရုပ်ကို ကြည့်ခြင်းအားဖြင့်၊ ဣသရေလလူမျိုးတို့ရဲ့ အနာဂတ်ပျောက်ကင်းခဲ့သလို၊ ယခုအချိန်မှာ ခရစ်ယာန်တွေက သူတော်စင်တွေရဲ့ရုပ်တုတွေကို ကြည့်ခြင်းအားဖြင့် ကယ်တင်ခြင်းရနိုင်တယ်လို့ သူပြောခဲ့ ပါတယ်။

"ဥပုသ်နေ့ကိုသန့်ရှင်းစေခြင်းငှာ၊ ထိုနေ့ရက်ကိုအောက်မေ့လော့" (ထွက် ၂၀း၈) ဆိုတဲ့ စတုတ္ထပညတ်ကို သူဖတ်ပြခဲ့ပါတယ်။

ဘုန်းကြီးက ပညတ်တွေပြောင်းလဲသွားပြီ လို့ဆန့်ကျင်တုံ့ပြန်ခဲ့ပါတယ်။ Theophane အနေနဲ့"ပညတ္တိကျမ်းအနာဂတ္တိကျမ်းများကို ဖျက်ပယ်ခြင်းငှာ ငါလာသည်ဟုမထင်ကြနှင့်။ ဖျက်ပယ်ခြင်းငှာငါလာသည်မဟုတ်။ ပြည့်စုံခြင်းငှာ ငါလာသတည်း" (မဿဲ ၅း၁၇) လို့ သခင်ယေရှုရဲ့မိန့်တော်မူချက်ကို သူဖတ်ပြခဲ့ပါတယ်။

ပြီးတော့ ဘုန်းကြီးက "သင့်အဖေကိုချစ်သလား။ သခင်ဘုရားက၊ 'သင်၏မိဘကိုရိုသေစွာပြုလော့' လို့ သခင်ဘုရားကမိန့်တော်မူခဲ့တာကို သင်က နားမထောင်ဘူးနော်" ဆိုပြီး Theophane ကို စွပ်စွဲခဲ့ပါတယ်။

Theophane အနေနဲ့၊ ဒါပေမဲ့ "အကြင်သူသည် ငါ့ကိုချစ်သည်ထက်မိဘကိုသာ၍ချစ်၏။ ထိုသူသည် ငါနှင့်မထိုက်တန်" (မဿဲ ၁၀း၃၇) လို့ သခင်ယေရှုရဲ့ မိန့်တော်မချက်ကို သူဖတ်ပြခဲ့ပါတယ်။

ဘုန်းကြီးက အဖေကိုကြည့်ပြီးတော့၊ "အဲဒါ သင့်သားအတွက် လွန်လွန်းပါတယ်။ အိမ်မှာ ဘယ်တော့မှမနေစေနဲ့။ ဘာလို့လဲဆိုတော့ တစ်ခြားလူတွေကိုလမ်းလွဲစေပါလိမ့်မယ်" ဆိုပြီး ပြောခဲ့ပါတယ်။

ဘုန်းကြီးအိမ်ကနေထွက်လာတဲ့အခါ အဖေဟာ အရမ်းဒေါသထွက်ခဲ့ပါတယ်။ Theophane ရဲ့မွေးနေ့လက်ဆောင်နဲ့သူနဲ့သက်ဆိုင်တဲ့စာစောင်အလုံးစုံကို မီးရှို့ဖို့သူခြိမ်းခြောက်ခဲ့ပါသေးတယ်။ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းမှာ ခေါ်ဖိတ်ခဲ့တဲ့ဦးလေးကိုလည်း သူကျိန်ဆဲခဲ့ပါတယ်။ Theophane အနေနဲ့ သူ့ဦးလေးဖက်ကာကွယ်ပြီး "မကောင်းတဲ့အရာဘာတစ်ခုမှ သူမသင်ပေးခဲ့ပါဘူး။ သူလမ်းပြတာပဲဖြစ်ပါတယ်" ဆိုပြီး ပြောခဲ့ပါတယ်။

အဖေက ဦးလေးဆီမှာ တိုက်ရိုက်တိုင်တန်းခဲ့တော့ ဦးလေးက၊Theophane အနေနဲ့နက်နဲတဲ့ ဒုက္ခပြဿနာရှိခဲ့ပါတယ်။ သင်ကသူ့ကိုဆရာဝန်တွေအများကြီးဆီမှာသွားပြခဲ့ပြီး ဆေးဝါးတွေပေးခဲ့ပါတယ်။ သင့်အနေနဲ့ အကောင်းတကာ့အကောင်းဆုံးလုပ်ခဲ့ပေမဲ့ ဘာမှထူးမလာပါဘူး။ ယောကျ်ားလေးက ကျွန်တော့နောက်လိုက်တာမဟုတ်ပဲ သခင်ဘုရားရဲ့ နှုတ်ကပတ်တော်အတိုင်း လိုက်လျှောက်တာဖြစ်တယ်" ဆိုပြီး နတ်ဆိုးရဲ့တိုက်ခိုက်မှုတွေကို ပြောပြခဲ့ပါတယ်။ Theophane ရဲ့အသက်တာဟာအများကြီး ပြောင်းလဲခဲ့ပါတယ်။ သူဟာ နတ်ဆိုးတိုက်ခိုက်မှုကနေ လွတ်မြောက်လာတာမဟုတ်ပဲသဘောထားကြီးပြီး အကြင်နာတရားရှိတဲ့လူငယ်ဖြစ်လာခဲ့ပါတယ်။ တစ်ခါတုန်းက သူတို့လေးတွေကို သူ့ဆီကနေခပ်ဝေးဝေးနေစေချင်ခဲ့တဲ့ အိမ်နီးချင်းတွေက၊ ယခုအချိန်မှာ သူတို့ရဲ့ကလေးတွေကို သူ့လ ဖြစ်စေချင်ကြပါတယ်။ အဖေဟာ ထူးခြားပြောင်မြောက်တဲ့ Theophane ရဲ့ပြောင်းလဲမှုကိုကြည့်ပြီး သူ့ဦးလေးအပေါ်မှာလည်း ကျေးဇူးတင်ခဲ့ပါတယ်။

"ကျွန်တော့သားအတွက် လုပ်ဆောင်ပေးခဲ့တဲ့အရာတွေအတွက် ကျေးဇူးတင်ပါတယ်။ ယခုအချိန်မှာ ကျွန်တော့သားဟာ ထူးခြားပြောင်မြောက်တဲ့ယောကျ်ားလေးဖြစ်နေပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

ယခုအချိန်မှာ Theophane အနေနဲ့ ဥပုသ်နေ့ကို လွတ်လွတ်လပ်လပ်စောင့်ရှောက်နေပါတယ်။ သူ့အနေနဲ့ သူ့အသက်တာကိုပြောင်းလဲစေတဲ့ သခင်ယေရှုအကြောင်းကို၊ အဖိုးနဲ့အဖေလည်း သိရှိနားလည်ဖို့အတွက် ဆုတောင်းပေးနေပါတယ်။

"ယခုအချိန်မှာ အသစ်သောကျွန်တော့ယုံကြည်ချက်ကို သူတို့လက်ခံယုံကြည်ဖို့နဲ့၊ ကျွန်ုပ်တို့အတူတကွ ဘုရားဝတ်ပြုလို့ရအောင် သခင်ဘုရားက သူတို့ရဲ့နှလုံးသားတွေကို ပြောင်းလဲစေဖို့ ကျွန်တော်ဆုတောင်းနေပါတယ်" ဆိုပြီး သူကပြောပါတယ်။

လွန်ခဲ့တဲ့ သုံးနှစ်တုန်းက သင်တို့ရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေအားဖြင့် Guinea နိုင်ငံ၊ Conakry မြို့က သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ကျောင်းရဲ့စာသင်ခန်းအသစ်တွေ တိုးချဲ့ဖို့အတွက် ထောက်ပံ့ကူညီခဲ့လို့ ကျေးဇူးတင်ပါတယ်။

## "မှန်ကန်တဲ့ကျောင်း တွေ့ရှိတယ်"

နိုဝင်ဘာလ(၁၈)ရက်၊ တင်ပြသူ-Nusrat, ဂါနာနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

အသက်ဆယ်နှစ်အရွယ် Nusrat အနေနဲ့ ဆီးချိုရောဂါသည်အမျိုးသမီးဟာသူ့ရဲ့ဒဏ်ရာကိုကုသဖို့ ဘာဖြစ်လို့ အိမ်ကိုပုံမှန်လာရတာလဲဆိုပြီး နားမလည်ခဲ့ပါ။

"သူ့ဒဏ်ရာကိုကုသပေးခြင်းအားဖြင့် အမြဲကူညီတဲ့ အမျိုးသမီးကိုအဖွားကသဘောကျတာလား" ဆိုပြီး အဖွားကို သူမက မေးခဲ့ပါတယ်။

"အဲဒါဟာ သူနာပြုဆရာမတစ်ဦးအနေနဲ့ ကျွန်မရဲ့တာဝန်ပါ"ဆိုပြီး အဖွားကပြန်ဖြေခဲ့ပါတယ်။

Nusrat အနေနဲ့ အဖွားရဲ့အလုပ်ကို သဘောကျခဲ့ပြီး အဖွားလိုပဲလူတွေကိုကူညီမစလိုချင်ခဲ့ပါတယ်။ ဂါနာနိုင်ငံက သူ့ဇာတိဒေသမှာ သူနာပြုဆရာမတစ်ဦးဖြစ်လာဖို့စပြီးစိတ်ကူးခဲ့ပါတယ်။

အထက်တန်းကျောင်းကနေ Nusrat ကျောင်းပြီးတဲ့နောက်မှာ၊ အဖွားကသူနာပြုသင်တန်းကျောင်းအများကြီးကို အကြံပြုထောက်ခံခဲ့ပါတယ်။ ဒါပေမဲ့ Nusrat အနေနဲ့အမည်စာရင်းသွင်းဖို့ ပိုက်ဆံမရှိခဲ့ပါ။ အမေအနေနဲ့ Nusrat ရဲ့အစ်မကိုကျောင်းဆရာမတစ်ဦးဖြစ်လာဖို့ သင်တန်းအတွက် ကူညီမစခဲ့ပြီးဖြစ်တယ်။ Nusrat သူနာပြုဆရာမတစ်ဦးဖြစ်လာဖို့အတွက် သူမက ကူညီမစလို့မရတော့ပါ။

သုံးနှစ်လွန်သွားခဲ့ပေမဲ့၊ Nusrat ရဲ့ စိတ်ကူးယဉ်မှုဟာ ပိုဝေးနေသလိုဖြစ်ခဲ့ပါတယ။

တစ်နေ့မှာ Nusrat အနေနဲ့ လာလည်တဲ့ဦးလေးဆီမှာ သူနာပြုဆရာမတစ်ဦးဖြစ်ချင်တဲ့သူ့ဆန္ဒကို ပြောပြခဲ့ပါတယ်။ သူ့ဦးလေး Nurideen ဟာ သူနာပြုဆရာတစ်ဦး ဖြစ်ခဲ့ဘူးပါတယ်။

ဦးလေး Nurideen က ဖြေရှင်းနည်းတစ်ခု တွေ့မြင်ခဲ့ပါတယ်။ သူ့အနေနဲ့သူနာပြုဆရာဘွဲ့ကို မြော်လင့်ခြင်းအသင်းတော်ကပိုင်တဲ့ Valley View တက္ကသိုလ်မှရရှိခဲ့တာဖြစ်ပြီး၊ မြော်လင့်ခြင်းအသင်းတော်မှာ တက်နိုင်လို့ရကြောင်း သူပြောပြခဲ့ပါတယ်။

Nusrat အနေနဲ့ စိတ်ဝင်စားခဲ့ပေမဲ့ စိတ်ပူခဲ့ပါတယ်။ သူမရယ်၊သူ့ဦးလေးရယ်၊သူ့မိသားစုဝင်အားလုံးဟာ တစ်ခြားခရစ်ယာန်တွေဖြစ်ကြပါတယ်။ ကလေးတစ်ယောက်အနေနဲ့ ခရစ်ယာန်ကျောင်းတစ်ကျောင်းမှာ သူမကပညာ သင်ခဲ့ပြီးပြီဖြစ်ပြီး၊ အဲဒီမှာသူမသက်တောင့်သက်သာ မရှိခဲ့ပါ။

"ကျွန်မသီချင်းမဆိုတတ်တဲ့အပြင် သူတို့ဘယ်လိုဆုတောင်းသလဲဆိုတာ နားမလည်နိုင်လို့ အမြဲပဲသူစိမ်းတစ်ယောက်လို ကျွန်မခံစားခဲ့ရပါတယ်" ဆိုပြီး သူမက ပြောခဲ ပါတယ်။

ဦးလေး Nurideen က၊ "မြော်လင့်ခြင်းခရစ်ယာန်ကျောင်းတွေဟာ တစ်ခြားကျောင်းနဲ့မတူပါဘူး။ Valley View တက္ကသိုလ်မှာ ကျွန်တော်လွတ်လွတ်လပ်လပ်ဝတ်ပြုလို့ရပါတယ်။ အဲဒီမှာ ခွဲခြားမှုမရှိပါဘူး" ဆိုပြီး ပြောခဲ့ပါတယ်။

မြော်လင့်ခြင်းအသင်းတော်တစ်ပါးမှာ သူပထမအကြိမ်သွားတက်တုန်းက နဲနဲရှက်မိတယ်လို့ ပြောပြခဲ့ပါတယ်။

"ဒါပေမဲ့ အသင်းတော်ထဲမှာမဟုတ်ပဲ သခင်ဘုရားရဲ့ရှေ့မှောက်မှာ ရှိနေတဲ့အကြောင်း သတိရဖို့ ကျွန်တော့ကို သူတို့ပြောပြခဲ့ပါတယ်။ ဘုရားဝတ်ပြုမှုမှာ ထူးခြားမှုမရှိပေမဲ့ သခင်ဘုရားရဲ့ရှေ့မှောက်မှာ ကျွန်တော်ရှိနေကြောင်း နားလည်လိုရအောင် သူတို့
ပြောပြခဲ့ကြပါတယ်" ဆိုပြီး သူက ပြောခဲ့ပါတယ်။

Nusrat အနေနဲ့ သူ့ဦးလေးရဲ့တင်ပြမှုကြောင့်အားတက်ခဲ့ပါတယ်။ "လွတ်လပ်စွာဝတ်ပြုကိုးကွယ်ရုံမကဘဲ နွေးထွေးစွာကြိုဆိုတဲ့ကျောင်းမှာ ပညာသင်ရရင်သိပ်ကောင်းမှာပဲ။ အဲဒီနေရာဟာ ပညာသင်ဖို့အကောင်းဆုံးနေရာပဲ" ဆိုပြီး သူမကပြောခဲ့ပါတယ်။

Valley View တက္ကသိုလ်ဟာ သူ့အိမ်နဲ့အရမ်းဝေးလွန်းလို့၊ ပိုပြီးနီးမယ့်မြော်လင့်ခြင်းအသင်းတော်ကျောင်းတစ်ကျောင်းကို Nusrat ရှာဖွေခဲ့ပါတယ်။ မြော်လင့်ခြင်းအသင်းတော်သူနာပြုသင်တန်းနဲ့ ဝမ်းဆွဲဆရာမသင်တန်းကောလိပ်ကို ရှာတွေ့ခဲ့ပါ တယ်။

ယခုအချိန်မှာ Nusrat ဟာ ပထမနှစ်သင်တန်းကိုပြီးမြောက်ခဲ့ပါပြီ။

“ကျွန်မတို့ ဥပုသ်စာဖြေကျောင်းအစီအစဉ်မာ သီချင်းတွေ အတူတူလေ့ကျင့်သင်ယူကြပြီး၊အတူတူဘုရားကျောင်း သွားကြပါတယ်။ ဥပုသ်နေ့မှာ ဘုရားဝတ်ပြုရတာ ကျွန်မပျော်ရွှင်အားရခဲ့ပါတယ်” ဆိုပြီး သူမက ပြောပါတယ်။

သိပ်မကြာခင်မှာပဲ၊ သူ့ဦးလေး Nurideen က မြော်လင့်ခြင်းအသင်းတော်ရဲ့ပညာရေးအကြောင်း ပြောပြခဲ့တာ အမှန်ဖြစ်လို့၊ “ဦးလေးပြောတာမှန်ပါတယ်။ အဲဒီမှာခွဲခြားမှုမရှိပါဘူး” ဆိုပြီး သူမက ပြောပြခဲ့ပါတယ်။

အဲဒီသတင်းကြားရလို့ဦးလေးNurideen က၊ “အဲဒီမှာ သင့်အနေနဲ့သက်တောင့်သက်သာ ရမယ်ဆိုတာ ကျွန်တော် သိထားတယ်” ဆိုပြီး ဝမ်းသာအားရစွာဖြင့်ပြောခဲ့ပါတယ်။

သင်တို့ရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေအားဖြင့် မြော်လင့်ခြင်းအသင်းတော်သူနာပြုသင်တန်းကျောင်းနဲ့ ဝမ်းဆွဲဆရာမသင်တန်းကောလိပ်မှာ စာသင်ခန်းအသစ်တွေနဲ့ အဆောင်တွေဆောက်လုပ်ခြင်းအားဖြင့် ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။

၂၀၁၅ ခုနှစ်တုန်းက ကျောင်းသား၂၂ ယောက်နဲ့ ကောလိပ်ဖွင့်လှစ်တည်ထောင်ခဲ့ပြီး၊ယခုအချိန်မှာ ကျောင်းသား အယောက် ၇၇၀ ရှိပါတယ်။ လိုအပ်ချက်တွေမြင့်မားပြီး၊ ကျောင်းသားအသစ်တွေကို လက်ခံဖို့အတွက် ကျောင်းအနေနဲ့ လုပ်နိုင်စွမ်းချို့တဲ့နေပါတယ်။ အဲဒီကျောင်းမှာ ကျောင်းသား ၃၀% ပဲ မြော်လင့်ခြင်းအသင်းသားတွေဖြစ်တဲ့အတွက်၊ တကယ့်သာသနာပြုကျောင်းဖြစ်ပါတယ်။ ကျောင်းသားအတော်များများဟာ နှစ်တိုင်းအသင်းတော်ထဲသို့ ဝင်လာကြပါတယ်။

ဒီဇင်ဘာ ၃၀ ရက်နေ့မှာ သင်တို့အနေနဲ့အလှူငွေကို ရက်ရက်ရောရောလှူဒါန်းဖို့ စဉ်းစားနေကြတဲ့အတွက် အထးကျေးဇူးတင်ပါတယ်။

## "အမှန်တရားကို လိုက်လျှောက်နေတယ်"

နိုဝင်ဘာလ (၂၅)ရက်၊ တင်ပြသူ-Obed၊ဂါနာနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

'အိုဘက်' အနေနဲ့ အနောက်ပိုင်းအာဖရိကတိုက်ထဲက ဂါနာနိုင်ငံမှာ၊ မြော်လင့်ခြင်းအသင်းတော် ကျောင်းတစ်ကျောင်းမှာ ပညာသင်ဖို့အဖိုးက အကြံပြုခဲ့ပါတယ်။ဒါပေမဲ့ "အိုဘက်"ရဲ့ ပထွေးက အဲဒီအကြံကို ဆန့်ကျင်ခဲ့ပါတယ်။

"မြော်လင့်ခြင်း အသင်းသားတစ်ယောက်ဖြစ်လာမှာမို့ အဲဒီအထက်တန်းကျောင်းမှာပညာသင်ဖို့ ကျွန်တော် ခွင့်ပြုမှာမဟုတ်ဘူး" ဆိုပြီး၊ တစ်ခြားဂိုဏ်းဂဏတစ်ပါးကပါစတာတစ်ဦးဖြစ်တဲ့ 'အိုဘက်' ရဲ့ ပထွေးက ပြောခဲ့ပါတယ်။

ဒါကြောင့်မို့ 'အိုဘက်' အနေနဲ့ အစိုးရကျောင်းတစ်ကျောင်းမှာနာမည်စာရင်းသွင်းလိုက်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ အဲဒီမှာ မြော်လငခြင်းအသင်းသားတွေရဲ့အကြောင်းကို သိရှိခဲ့ရပါတယ်။

ဘော်ဒါကျောင်းမှာ နေတုန်း 'အိုဘက်' အနေနဲ့ တနင်္ဂနွေနေ့တိုင်း တစ်ခြားကျောင်းသားတွေနဲ့ စာသင်ခန်း တစ်ခန်းမှာဘုရားဝတ်ပြုခဲ့ကြပါတယ်။ တစ်နှစ်ပြီးတစ်နှစ် သူကသစ္စာရှိရှိ ဘုရားဝတ်ပြုခဲ့ပါတယ်။

သူ့ရဲ့နောက်ဆုံးနှစ်အဆုံးပင်းမှာ အတန်းငယ်တွေက ဘော်ဒါကျောင်းသားတွေကိုအိမ်ပြန်ခိုင်းခဲ့ကြပြီး၊ သူနဲ့ ကျောင်းပြီး တော့မယ့် အတန်းဖော်တို့ကနောက်ဆုံးစာမေးပွဲအတွက် တစ်လကြိုပြီး ပြင်ဆင်ခဲ့ကြပါတယ်။ ကျောင်းဝန်းထဲမှာ ကျောင်းသားအရမ်းနည်းလို့ဘုရားဝတ်ပြုရတာ အဆင်မပြေလို့ ရပ်ဆိုင်းခဲ့ရပါတယ်။

အပတ်တိုင်း တနင်္ဂနွေတစ်ခုပြီးတစ်ခုလွန်သွားခဲ့ပါတယ်။ 'အိုဘက်'အနေနဲ့တနင်္ဂနွေနေ့ဝတ်ပြုတာနဲ့ လွဲချော်ခဲ့ရပါတယ်။

နောက်ဆုံးစာမေးပွဲမတိုင်ခင် နောက်ဆုံးအပတ်က စနေနေ့မနက်မှာ၊ ကျောင်းဝန်းထဲကနေအတန်းဖော်သုံးယောက်တို့ ထွက်သွားတာကို 'အိုဘက်'က တွေ့မြင်ခဲ့ပါတယ်။ သူတို့က သပ်သပ်ရပ်ရပ် ဝတ်စားဆင်ယင်ခဲ့ကြပြီး သူတို့ဘုရားကျောင်းသွားမယ်လို့ပြောခဲ့ကြပါတယ်။

"ကျွန်တော်တို့လိုက်လာလို့ရမလား" ဆိုပြီး 'အိုဘက်' ကမေးခဲ့ပါတယ်။

'အိုဘက်' ကလည်း ယောကျ်ားလေးနှစ်ယောက်နဲ့ မိန်းကလေးတစ်ယောက်တို့ရဲ့နောက်ကိုလိုက်ပြီး မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းသို့ သွားခဲ့ကြပါတယ်။ဘုရားဝတ်ပြုတဲ့အစီအစဉ်မှာ သူတို့အထူးသီချင်းဆိုတာ ကြားလို့ သူအရမ်းအံ့သြခဲ့ရပါတယ်။ အဲဒီလိုသာယာနာပျော်ဖွယ်ကောင်းတဲ့သီချင်းဆိုတာ တစ်ခါမှ သူမကြားခဲ့ရလို့ သီချင်းရဲ့စကားလုံးတွေက သူ့နှလုံးသားကို တွေ့ထိခဲ့ပါတယ်။ သူတို့က SDA Church Hymnal နံပါတ် ၆၃၂၊"Until Then" သီချင်းကို သီဆိုခဲ့ကြပါတယ်။

နောက်တနင်္လာနေ့မှာ မြော်လင့်ခြင်းအသင်းသူဖြစ်တဲ့ မိန်းကလေး Sandraဆီမှာ သူ့သီချင်းစာအုပ်ကို ငှားပေးဖို့ တောင်းဆိုခဲ့ပါတယ်။

ဥပုသ်နေ့မှာ သူကြားခဲ့တဲ့သီချင်းရဲ့စာလုံးတွေကို သူကူးချင်ခဲ့ပါတယ်။ Sandra အနေနဲ့သူ့ကို သီချင်းစာအုပ်ငှားပေးတဲ့အပြင် သီချင်းဆိုနည်းပုံစံကိုလည်း သင်ပေးခဲ့ပါတယ်။ သူတို့နှစ်ယောက်စလုံးက သူတို့ရဲ့နောက်ဆုံးစာမေးပွဲအပတ်အတွင်း သီချင်းတော်တော်များများ အတူသီဆိုခဲ့ကြပါတယ်။

သီချင်းတွေက မြော်လင့်ခြင်းအသင်းတော်မှာ 'အိုဘက်' ရဲ့စိတ်ဝင်စားမှုကိုတက်ကြွစေခဲ့ပြီး ပိုပြီးပိုပြီး သိစေချင်ခဲ့ပါတယ်။

ဒါပေမဲ့ သူ့ပထွေးက ဘာပြောဦးမလဲ။ သူ့ပထွေးက သူမြော်လင့်ခြင်းအသင်းသားတစ်ယောက်ဖြစ်လာမှာကို စိတ်ပူလို့ မြော်လင့်ခြင်းအသင်းတော်ကျောင်းမှာ ကျောင်းမတက်စေချင်ခဲ့တာကို သူသတိရခဲ့ပါတယ်။

အစိုးရအထက်တန်းကျောင်းကနေ ကျောင်းပြီးတဲ့နောက်၊ နွေရာသီကျောင်း ပိတ်ရက်အတွင်းမှာ 'အိုဘက်' ဟာအိမ်သို့ ပြန်လာခဲ့ပါတယ်။ အဲဒီအတောအတွင်း လမ်းဘေးမှာ ကြော်ထားတဲ့ငါးတွေနဲ့ပြုတ်ထားတဲ့ပြောင်းဖူးတွေ ရောင်းတဲ့ အမေ့အလုပ်ကို သူကူညီခဲ့ပါတယ်။

သူ့အနေနဲ့ ဥပုသ်တော်နေ့မှာဘုရားကျောင်း မသွားရပဲခဲ့ပါ။ ဒါပေမဲ့ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းမှာ သွားဖို့ သူဆန္ဒပြင်းပြခဲ့ပါတယ်။

ဌာနေမြော်လင့်ခြင်းအသင်းတော်က ဆုတောင်းစည်းဝေးကို ဗုဒ္ဓဟူးနေ့တိုင်းည ၇-၈ နာရီအထိပြုလုပ်တာ သူမြင်ခဲ့ပါတယ်။ ဒါကြောင့်မို့ အစီအစဉ်တစ်ခုသူဆွဲခဲ့ပါတယ်။ ဗုဒ္ဓဟူးနေ့ညနေပိုင်းမှာ သူအိမ်သာသွားချင်တယ်ဆိုပြီး၊ သူတို့အိမ်ပြန်ဖို့တစ်နာရီအလိုမှာ သူထွက်သွားခဲ့ပါတယ်။ သူတို့အိမ်ကနေ အိမ်သာအထိသွားဖို့ကလည်း ဝေးလွန်း ပါတယ်။ ဒါပေမဲ့သူတို့အစာတွေရောင်းတဲ့နေရာကနေအများသုံးအိမ်သာနဲ့တော့မဝေးပါ။ အဲဒီအများသုံးအိမ်သာဟာ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းနဲ့နီးကပ်ပါတယ်။

နှစ်လတိုင်တိုင်၊ 'အိုဘက်' အနေနဲ့ ဗုဒ္ဓဟူးနေ့ညနေတိုင်း မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းမှာ ဘုရားဝတ်ပြုခဲ့ပါတယ်။ သူ့အနေနဲ့သီချင်းအသစ်တွေကိုသင်ယူပြီး၊ သမ္မာကျမ်းစာထဲကသခင်ဘုရားအကြောင်းနဲ့ အမှန်တရားတွေကိုသင်ယူခဲ့ပါတယ်။ သူ့အနေနဲ့ အမှန်တရားကိုရှာတွေ့ခဲ့တာ သူသိခဲ့ပါတယ်။

တက္ကသိုလ်ထဲကိုသူသွားတဲ့အခါ မြော်လင့်ခြင်းကျောင်းသားတွေကို သူလိုက်လံရှာဖွေခဲ့ပါတယ်။ သူတို့ကိုရှာတွေ့အခါ သူတို့နဲ့အတူ ဥပုသ်နေ့တိုင်းဘုရားဝတ်ပြုခဲ့ပါတယ်။ သိပ်မကြာခင်မှာပဲ၊ သူရေနှစ်ခြင်းခံခဲ့ပါတယ်။

"အိုဘက်" ရဲ့အဖိုးဟာ သူ့မြေးမြော်လင့်ခြင်းအသင်းတော်ထဲဝင်တာကြားသိရလို့ ဝမ်းသာခဲ့ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်၊ သူ့ပထွေးကတော့ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ သူ့အနေနဲ့ 'အိုဘက်' ရဲ့ဆုံးဖြတ်ချက်ကို နောက်ပိုင်းမှာလက်ခံလာခဲ့ပါတယ်။

ယခုအချိန်မှာ 'အိုဘက်' က ဂါနာနိုင်ငံ၊Accra မြို့က တောင်ပိုင်းဂါနာယူနီယံကွန်းဖရင့်ရဲ့ဌာနချုပ်မှာ လက်ထောက်အုပ်ချုပ်ရေးမှူးအနေနဲ့ တာဝန်ထမ်းဆောင်နေပါတယ်။

"အမှန်တရားကို ရှာတွေ့တဲ့အခါ အမှန်တရားကနေ လွဲချော်စေမယ့်အရာတစ်ခုကိုမှ လုံးဝခွင့်မပြုပါနဲ့။ သင်သိတဲ့အမှန်တရားအတိုင်း သင်လိုက်လျှောက်ရင် သခင်ဘုရားရဲ့ချန်းဆိုထားတဲ့အချိန်မှာ သခင်ဘုရားက ဘုရားကျောင်းမှာဝတ်ပြုဖို့ အခွင့်ပေးမှာပါ" ဆိုပြီး သူပြောခဲ့ပါတယ်။

သင်တို့ရဲ့ ၁၃ ပတ်ဥပုသ်တော်နေ့အလှူငွေအားဖြင့်၊ ဂါနာနိုင်ငံက သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ရဲ့ ပညာရေးတိုးချဲ့ရာမှာ ထောက်ပံ့ကူညီသွားမှာ ဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်တုန်းက ကျောင်းသား ၂၂ ယောက်နဲ့ကောလိပ်ဖွင့်လှစ်တည်ထောင်ခဲ့ပြီး၊ ယခုအချိန်မှာ ကျောင်းသား အယောက် ၇၇၀ ရှိတဲ့ သူနာပြုသင်တန်းကျောင်းနဲ့ ဝမ်းဆွဲဆရာမသင်တန်းကောလိပ်မှာ စာသင်ခန်းအသစ်တွေနဲ့ ဘော်ဒါဆောင်တွေဆောက်လုပ်တိုးချဲ့ရာမှာ အလှူငွေကို အသုံးပြုသွားမှာဖြစ်ပါတယ်။

အဲဒီကျောင်းမှာ ကျောင်းသား ၃၀%ပဲ မြော်လင့်ခြင်းအသင်းသားတွေဖြစ်ကြတဲ့အတွက် တကယ့်သာသနာပြုကျောင်းဖြစ်ပါတယ်။ ဒီဇင်ဘာ ၃၀ ရက်နေ့မှာ သင်တို့အနေနဲ့ အလှူငွေကို ရက်ရောစွာလှူဒါန်းဖို့ စဉ်းစားနေကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။

-၀-

# "ဩဇာအရှိန်အဝါရှိတဲ့ အသင်းတော်တစ်ပါး"

ဒီဇင်ဘာလ (၂)ရက်၊ တင်ပြသူ-Peter N.K.Duoduနဲ့Samuel Marfon,ဂါနာနိုင်ငံ

(အရွယ်ရောက်ပြီးသား အမျိုးသားတစ်ဦးကို တင်ပြခိုင်းရန်)

အနောက်ပိုင်းအာဖရိကတိုက်ထဲက ဂါနာနိုင်ငံရဲ့မြို့တော် Accra မှာ ၁၃ပတ်ဥပုသ်နေ့အလှူငွေအားဖြင့် ကြီးမားတဲ့အခြားစီမံကိန်းတစ်ခု ရှိခဲ့ပါတယ်။

လွန်ခဲ့တဲ့ ၁၅ နှစ်တုန်းက ဂါနာနိုင်ငံရဲ့တပ်မတော်အနေနဲ့သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ကို လျှို့ဝှက်ကြီစည်မှုနဲ့အဓိကကျတဲ့ Accra မြို့က မြေကွက်တစ်ခုကိုပေးခဲ့ပါတယ်။ တပ်မတော်က စစ်သားတွေ ဘုရားဝတ်ပြုလို့ရအောင် အဲဒီမှာ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်း ဆောက်လုပ်ဖို့ တောင်းဆိုခဲ့ပါတယ်။

ဂါနာနိုင်ငံ အနှံ့က အသင်းသားတွေအနေနဲ့ အဲဒီစီမံကိန်းအတွက် လှူဒါန်းခဲ့ကြပါတယ်။ နောက်ပြီးတော့ ကမ္ဘာ့အသင်းတော်ကြီးလဲ ပါဝင်လာခဲ့ပါတယ်။ ၂၀၀၇ ခုနှစ်၊တတိယကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေအားဖြင့် ဘုရားကျောင်းရဲ့အမြင့်မြတ်ဆုံးအစိတ်အပိုင်းကို နောက်ဆုံးပိတ်အသေးစိတ်အချောကိုင်ရာမှာ ကူညီထောက်ပံ့ခဲ့ပါတယ်။ လိပ်ခုံးပုံ ခုံးနေမောက်နေတဲ့ မျက်နှာကြက်နဲ့ ဘုရားကျောင်းအဆောက်အအုံရဲ့ လေးဖက်အနားမှာ အရောင်မှန်ချပ်တပ်ထားတဲ့ပြတင်းပေါက်တွေကိုတပ်ဆင်ခဲ့ပါတယ်။ ဒါ့အပြင်၊ အရောင်မှန်ချပ်တွေရဲ့ဘောင်ကွက်ပေါ်မှာဆုတောင်းနေတဲ့လက်တွေရဲ့ပုံနဲ့၊ တရားဟောဆင်မြင့်ရဲ့နောက်မှာ မြော်လင့်ခြင်းအသင်းတော်ရဲ့ အမှတ်အသားကို ရေးဆွဲခဲ့ပါတယ်။

၂၀၀၈ ခုနှစ်၊ နိုဝင်ဘာလ(၁)ရက်နေ့မှာ တပ်မတော်ရဲ့စစ်တန်းလျားဘုရားကျောင်းကို ဆက်ကပ်ခဲ့ကြပါတယ်။ ဖွင့်ပွဲအခမ်းအနားမှာ ပါဝင်တက်ရောက်တဲ့ကိုယ်စားလှယ်တွေရဲ့နာမည်စာရင်း၊ ရေးသားထားတဲ့မော်ကွန်းထိုးထားသောကျောက်ပြားတစ်ချပ်ကို အဓိကဝင်ပေါက်မှာ ချိန်ဆွဲထားပါတယ်။ သူတို့အထဲမှာ ကမ္ဘာ့သာသနာအဖွဲ့ချုပ်မှ၊ တပ်မတော်မှာထမ်းဆောင်တဲ့လူတွေကို ကြည့်ရှုစောင့်ရှောက်တဲ့ ကမ္ဘာ့အသင်းတော်သိုးထိန်းဆိုင်ရာကို ကြီးကြပ်ဦးဆောင်သူ ညွှန်ကြားရေးမှူးလည်း ပါဝင်ခဲ့ပါတယ်။

တစ်မြို့လုံးကရဲဌာနတွေအနေနဲ့ တပ်မတော်ရဲ့ ကြီးကျယ်တဲ့မြေကွက်မှာဆောက်လုပ်တဲ့ မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းအသစ်ကို ကြားသိခဲ့ကြပါတယ်။ သူတို့ကလည်း နိုင်ငံတော်ရဲ့အထူးပညာရပ်သင်တန်းကျောင်းရဲ့ဝင်းထဲမှာမြော်လင့်ခြင်း အသင်းတော်ဘုရားကျောင်းတစ်ဆောင် လိုချင်ခဲ့ကြပါတယ်။ ရဲအရာရှိတွေကအသင်းတော်ခေါင်းဆောင်တွေဆီမှာ၊ "ကျွန်ုပ်တို့အနေနဲ့ ရဲအထူးသင်တန်းကျောင်းဝင်းထဲက မြေကွက်တစ်ကွက်ပေးမယ်ဆိုရင် ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်ပေးနိုင်မှာလား" ဆိုပြီး တောင်းဆိုခဲ့ကြပါတယ်။

အဲဒါဟာ အသင်းတော်ခေါင်းဆောင်တွေ ငြင်းလို့မရတဲ့ ကမ်းလှမ်းချက်တစ်ခုဖြစ်ပါတယ်။ ရဲဌာနအထူးသင်တန်းကျောင်းဝင်းထဲမှာ မြော်လင့်ခြင်းအသင်းဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်ဖို့ရန်ပုံငွေကို စပြီး ကောက်ခံခဲ့ကြပါတယ်။

"ကြီးကျယ်တဲ့တပ်မတော်မြေကွက်တစ်ကွက်ထဲက ကျွန်ုပ်လုပ်ဆောင်ခဲ့တဲ့အရာကို ကြည့်ပြီးတော့၊ ဘုရားကျောင်းဆောက်လုပ်ဖို့ ကျွန်ုပ်တို့အပေါ်မှာသူတို့ယုံကြည်လွှဲအပ်ခဲ့ကြပါတယ်" ဆိုပြီး တောင်ပိုင်းဂါနာ ယူနီယံကွန်းဖရင့်ဌာနချုပ်ရဲ့ အတွင်းရေးမှူးချုပ် Christopher Annan-Nunoo က ပြောခဲ့ပါတယ်။

***တရားဟောနေတဲ့ အဆောက်အဦးတစ်ဆောင်***

ကြီးကျယ်တဲ့တပ်မတော်မြေကွက်တစ်ကွက်ထဲက ဘုရားကျောင်းဟာ လက်နက်ကိုင်တပ်ဖွဲ့အတွက် အလင်းဖြစ်လာခဲ့ပါတယ်လို့၊ မြော်လင့်ခြင်းအသင်းတော်မှတပ်မတော်မှာ ခရစ်ယာန်ဘုန်းကြီးဖြစ်တဲ့ Peter Duodu က ပြောခဲ့ပါတယ်။

"အဲဒီအဆောက်အဦးကြောင့် လူတွေဟာ ဘုရားဝတ်ပြုဖို့ ဒီမှာလာချင်ကြပါတယ်။ လူတွေကလည်း 'သင်တို့ရဲ့အဆောက်အဦးဟာ သိပ်လှတယ်နော်' လို့ ပြောကြပါတယ်။ ဒါကြောင့်မို့၊ အပြင်မှာတရားဟောဖို့ မထွက်တာတောင်မှအဆောက်အဦးက ကျွန်ုပ်တို့ကိုယ်စား တရားဟောပေးနေပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

ဘုရားကျောင်းမှာ ဘုရားဝတ်ပြုတဲ့ စစ်သားတွေက မြော်လင့်ခြင်းအသင်းတော်အကြောင်းကို ပိုပြီးသိရှိနားလည်လာကြပါတယ်။ ပိုပြီးအရေးကြီးတာကတော့၊သူတို့အနေနဲ့ သခင်ဘုရားနဲ့ကယ်တင်ခြင်းအကြောင်းကို သိရှိနားလည်လာကြတာဖြစ် ပါတယ်။

"သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်အတွက် စစ်သားတွေဆီမှာ တရားဟောသက်သေခံနိုင်ဖို့အတွက် ဒီအံ့သြဖွယ်ကောင်းတဲ့ကြားခံ စီစဉ်ပေးတဲ့ သခင်ဘုရားအပေါ် ကျေးဇူးတင်ပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

ရဲအရာရှိရာထူးနဲ့ ၁၇ နှစ် ထမ်းဆောင်ခဲ့တဲ့ Samuel Marfon ဟာ ဂါနာနိုင်ငံက ရဲအဖွဲ့မှာ တစ်ဦးတည်းသောမြော်လင့်ခြင်းအသင်းတော် ခရစ်ယာန်ဘုန်းကြီးဖြစ်ပါတယ်။ သူ့အနေနဲ့ နောက်နောင်မှာ ရဲအထူးသင်တန်းကျောင်းဝင်းထဲက ဘုရားကျောင်းအနေနဲ့ ရဲဝန်ထမ်းတွေအပေါ်မှာထပ်တူကျတဲ့ အကျိုးသက်ရောက်မှုရှိမယ်ဆိုတာ သူမျှော်လင့်ခဲ့ပါတယ်။ ဘုရားကျောင်းထဲမှာ လူ ၁၅၀၀ ကနေ ၂၀၀၀ ဝင်ဆံ့နိုင်မယ်လို့ မျှော်လင့်ခဲ့ပါတယ်။

"ကျွန်ုပ်တို့အတွက် သခင်ဘုရားက ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်ပေးမှာပါ" ဆိုပြီး သူပြောခဲ့ပါတယ်။

သူ့နယ်မြေထဲမှာ ဂါနာနိုင်ငံပါဝင်တဲ့ အနောက်ပိုင်း-အလယ်ပိုင်းအာဖရိကဒီဗီဇံဌာနချုပ်မှ မြော်လင့်ခြင်းသာသနာပြုဌာနညွှန်ကြားရေးမှူး Josiah Nwarungwaက ၂၀၁၇ ခုနှစ် ၁၃ ပတ် ဥပုသ်နေ့အလှူငွေအားဖြင့် ကြီးကျယ်တဲ့တပ်မတော်မြေကွက်ပေါ် အကျိုးသက်ရောက်မှုရှိခဲ့သလို ရဲအဖွဲ့အပေါ်မှာလည်း ရှိနေတဲ့အတွက် ပျော်ရွှင်ခဲ့ကြောင်း ပြောခဲ့ပါတယ်။

"အဲဒါဟာ အားရစရာကောင်းလှပါတယ်။ ဂါနာနိုင်ငံ စစ်တပ်အဖွဲ့အတွက်ဘုရားကျောင်းတစ်ဆောင် ဆောက်လုပ်နိုင်ခဲ့ပါတယ်။ အဲဒါကို ဘုရားဝတ်ပြုသူတိုင်းအတွက် ထာဝရအသက်ရနိုင်အောင် သြဇာလွှမ်းမိုးတဲ့နေရာဖြစ်ဖို့ သခင်ဘုရားကလုပ်ဆောင်ပေးဖို့အတွက် ကျွန်တော်ဆုတောင်းနေပါတယ်" ဆိုပြီး သူပြောခဲ့ပါတယ်။

၂၀၀၇ ခုနှစ်က သင်တို့ရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေအားဖြင့် ဂါနာနိုင်ငံက တပ်မတော်နဲ့ရဲအဖွဲ့အပေါ်မှာ အကျိုးသက်ရောက်မှုရှိနေလို့ ကျေးဇူးတင်ပါတယ်။ ဒီကွာတာရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေအားဖြင့်လည်း ဂါနာနိုင်ငံမှာနေထိုင်တဲ့လူတွေအပေါ် ကြီးမားတဲ့ အကျိုးသက်ရောက်မှုရှိဖို့အတွက် ကတိပေးပါတယ်။ ပြီးတော့၊ အဲဒါက သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ရဲ့ သူနာပြုသင်တန်းကျောင်းနဲ့ဝမ်းဆဆရာမ သင်တန်းကောလိပ်မှာ စာသင်ခန်းအသစ်တွေနဲ့ ဘော်ဒါဆောင်တွေဆောက်လုပ်တိုးချဲ့ရာမှာ ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ သင်တို့အနေနဲ့ အလှူငွေကို ရက်ရောစွာလှူဒါန်းဖို့စဉ်းစားနေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။

-၀-

# “လက်တံရှည် တံစဉ်ကြီးဖြင့် ပွတ်တိုက်မှု”

ဒီဇင်ဘာလ (၉)ရက်၊ တင်ပြသူ-Nancy,ဂါနာနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

အသက် ၁၃ နှစ်အရွယ်ရှိတဲ့ “နန်စီ” ဟာ တောင်ပိုင်းအာဖရိကတိုက်က ဂါနာနိုင်ငံမှာ ထက်မြက်တဲ့ လက်တံရှည်တံစဉ်ကြီးနဲ့ ကျောင်းဖက်ကိုလမ်းလျှောက်လာခဲ့ပါတယ်။

ကျောင်းဆရာမအနေနဲ့ ကျောင်းဘေးကမြက်ပင်တွေကိုရိတ်ဖို့ ကျောင်းသားတွေကိုတောင်းဆိုလို့ “နန်စီ” အနေနဲ့ အိမ်က လက်တံရှည်တံစဉ်ကြီးကိုယူဆောင်လာခဲ့ပါတယ်။

ပြီးတော့ ဝမ်းနည်းစရာကောင်းတဲအဖြစ်အပျက်တွေ ဖြစ်ပျက်ခဲ့ပါတယ်။

ကျောင်းဖက်ကို လာရင်းနဲ့၊ ‘နန်စီ’ က အသက် ၁၆ နှစ်အရွယ်ရှိတဲ့ဆွေမျိုးAkuba နဲ့ ဆုံတွေ့ပြီး ရန်ဖြစ်ခဲ့ကြပါတယ်။

Akuba အနေနဲ့ ‘နန်စီ’ က မမှန်တဲ့ကောလဟာလတွေလိုက်ဖြန့်တယ်ဆိုပြီးစွတ်စွဲခဲ့ပါတယ်။ ‘နန်စီ’ကလည်း ဒေါသတကြီးပြန်လည် ချေပခဲ့ပါတယ်။

အငြင်းအခုံကအရှိန်တက်လာပြီး ‘နန်စီ’ ရဲ့လက်ထဲက တံစဉ်ကြီးကိုAkuba ဆတ်ခနဲဆွဲယူပြီး ရိုက်မလို့ ကြိမ်းမောင်းလျက် လှုပ်ယမ်းနေခဲ့ပါတယ်။

အဲဒီအချိန်အတွင်းမှာ တစ်စုံတစ်ယောက် မိန်းကလေးနှစ်ယောက်ရန်ဖြစ်နေတာတွေ့လို့၊ နန်စီ ရဲ့အဖြေဆီမှာ သတိပေးဖို့အပြေးအလွှားသွားခဲ့ပါတယ်။ နန်စီ ရဲ့အဖေရောက်လာချိန်မှာ Akuba က နန်စီ ဖက်ကိုဆတ်ခနဲလှည့်ပြီး၊ တံစဉ်နဲ့ရန်းခဲ့လို့အဖေက မိန်းကလေးနှစ်ယောက်ကြားဝင်ပြီး တားဆီးခဲ့ပါတယ်။

တံစဉ်က အဖေ့ရဲ့နှာခေါင်းထိပ်ဖျားကို ပါးပါးလှီးခဲ့ပါတယ်။ နန်စီ အနေနဲ့ဝမ်း နည်းပြီး ငိုကြွေးခဲ့ပါ တယ်။

အဖေ့က ဆေးရုံသို့အမြန်ဆုံးသယ်ဆောင်သွားခဲ့ပါတယ်။ နန်စီက အဖေ့နောက်လိုက်ချင်ပေမယ့် တစ်စုံတစ်ဦးကသူမကိုဆုပ်ကိုင်ခဲ့ပါတယ်။ သူက Akuba အပေါ် တုန့်ပြန့်ဖို့ကြိုးစားခဲ့ပေမဲ့၊ တစ်စုံတစ်ဦးက အဲဒီမိန်းကလေးကို ခေါ်ဆောင်ခဲ့ပါ တယ်။

ကံဆိုးချင်တော့၊ ဆရာဝန်အနေနဲ့ အဖေ့ရဲ့နှာခါးထိပ်ဖျားကိုပြန်ဆက်လို့မရခဲ့ပါ။

ဆေးရုံမှာ အဖေ့ရဲ့ဒဏ်ရာကို ဧသတာ ဆိုတဲ့သူနာပြုဆရာမက ကုသပေးပြီးကြည့်ရှုစောင့်ရှောက်ပေးခဲ့ပါတယ်။

အဖေကနေကောင်းတဲ့အထိ ဆေးရုံမှာ နေခဲ့ပါတယ်။

ဧသတာနဲ့စိတ်ထဲစွဲနေပြီး၊ နန်စီနဲ့ မိတ်ဆက်ပေးခဲ့ပါတယ်။“သူမဟာ အရမ်းကောင်းတဲ့ သူနာပြုဆရာမတစ်ဦးဖြစ်ပါတယ်။ ဒါကြောင့်၊သူ့သမီးကိုလည်း သူနာပြုဆရာမတစ်ဦးဖြစ်စေချင်ခဲ့တယ်” ဆိုပြီး အဖေကပြောခဲ့ ပါတယ်။

သူနာပြုဆရာမက အဖေကိုကြည့်ရှုစောင့်ရှောက်နေတာတွေ့ပြီး၊သူမလည်းစိတ်ဝင်စားလာခဲ့ပါတယ်။ သူမအနေနဲ့ သူနာပြုဆရာမတစ်ဦးဖြစ်ဖို့ စိတ်ဆုံးဖြတ်လိုက်ပါတယ်။

နှစ်အတော်ကြာတဲ့အခါမှာ၊ နန်စီဟာ အထက်တန်းကျောင်းကနေကျောင်းပြီးခဲ့ပါတယ်။ သူမအနေနဲ့ သူနာပြုသင်တန်းကျောင်းတစ်ကျောင်းကို လိုက်ရှာတဲ့အခါ၊မြော်လင့်ခြင်းအသင်းတော်ရဲ့ သူနာပြုသင်တန်းကျောင်းနဲ့ဝမ်းဆွဲ ဆရာမသင်တန်းကောလိပ်ကို တွေ့ရှိခဲ့ပါတယ်။

အစပိုင်းမှာ၊ သူမအနေနဲ့မြော်လင့်ခြင်းအသင်းသားတွေပဲ အဲဒီမှာပညာသင်ယူလို့ရတယ်လို့ ထင်ခဲ့တာပါ။

ဒါပေမဲ့ ကောလိပ်က သူ့လျှောက်လွှာကိုလက်ခံခဲ့ပါတယ်။ စပြီးပညာသင်တဲ့အခါမှာ၊ကျောင်းသားအများစုဟာ မြော်လင့်ခြင်းအသင်းသားမဟုတ်မှန်း နားလည်သဘောပေါက်ခဲ့ပါတယ်။ တစ်ချို့ဟာ ခရစ်ယာန်မဟုတ်ကြပါ။

နန်စီ အနေနဲ့ သူ့ဟာသူ ခရစ်ယာန်တစ်ယောက်ဖြစ်ကြောင်း အမြဲပဲဆင်ချင်ခဲ့မိပါတယ်။ ဒါပေမဲ့ ကောလိပ်မှာ တစ်ပတ်တာဆုတောင်းစည်းဝေးနေ့ရောက်တဲ့အခါဒုတိယတစ်ခု စဉ်းစားခဲ့မိပါတယ်။

ပါစတာတစ်ဦးက သမ္မာကျမ်းစာကနေ၊ခရစ်ယာန်တစ်ဦးအနေနဲ့ ဘယ်လိုအသက်ရှင်ရမလဲဆိုတာ သင်ကြားပေးခဲ့ပါတယ်။ သူမအနေနဲ့ ခရစ်ယာန်အသက်တာအတိုင်းအသက်မရှင်ခဲ့ကြောင်း နားလည်သဘောပေါက်ခဲ့ပါတယ်။ အဲဒီ

ဆုတောင်းစည်းဝေးအဆုံးသတ်တဲ့အခါ သခင်ခရစ်တော်ဆီမှာ သူ့ရဲ့အသက်တာကိုဆက်ကပ်ဖို့နဲ့၊ ရေနှစ်ခြင်းခံဖို့ သူမ ဆုံးဖြတ်ခဲ့ပါတယ်။

ယခုအချိန်မှာ သူမဟာ အသက် ၂၂ နှစ်ရှိပြီး၊ အသက်တာအသစ်နဲ့အမျိုးသမီးဖြစ်ပါတယ်။

သူမရဲ့အသက်တာကို သခင်ယေရှုဆီဆက်ကပ်လိုက်တဲ့အချိန်ကစပြီး၊ အရာအားလုံးပြောင်းလဲခဲ့ပါတယ်။

စနေ၊တနင်္ဂနွေတိုင်းပဲ ဘုရားကျောင်းမှာ သူမအနေနဲ့သမ္မာကျမ်းစာကိုဖတ်ရှုလေ့လာခဲ့ပါတယ်။ ဒါပေမဲ့ ယခုအချိန်မှာ သူမဟာ နေ့တိုင်းပဲသူမအခန်းထဲမှာ သမ္မာကျမ်းစာဖတ်ရှုလေ့လာခြင်းနဲ့ဆုတောင်းတာကို ဆကကပ်လုပ်ဆောင်ခဲ့ပါတယ်။ သူနာပြုဆရာမတစ်ဦးအနေနဲ့ ကျောင်းပြီးဖို့နဲ့ လူတွေကိုကြည့်ရှုစောင့်ရှောက်ဖို့ သူမ မစောင့်နိုင်တော့ပါ။ သူမအနေနဲ့ဆရာဝန်တစ်ဦးဖြစ်လာဖို့ ဆက်လက်ပညာသင်ယူရန် ဆုံးဖြတ်ခဲ့ပါတယ်။

“ကျွန်မရေနှစ်ခြင်းခံချင်တယ်လို့ အဖေကိုပြောပြတဲ့အခါ အဖေကဝမ်းသာခဲ့ပါတယ်။ သူက ကျွန်မရဲ့ကအတိတ်အကြောင်းကိုသိရှိခဲ့ပါတယ်။ ကော်လိပ်အားဖြင့် ကျွန်မအသက်တာပြောင်းလဲခဲ့ပြီး အသစ်သောအသက်တာနဲ့ ကျွန်မအသက်ရှင်ကြောင်းသူကြားသိရလို့ ဝမ်းသားပီတိဖြစ်ခဲ့ရပါတယ်” ဆိုပြီး နန်စီ ကပြောခဲ့ပါတယ်။

သင်တို့ရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့အလှူငွေအားဖြင့် နန်စီ ပညာသင်နေတဲ့မြော်လင့်ခြင်း အသင်းတော်ရဲ့သူနာပြုသင်တန်းကျောင်းနဲ့ ဝမ်းဆွဲဆရာမ ကောလိပ်မှာစာသင်ခန်းအသစ်နဲ့ဘော်ဒါဆောင်တွေ ဆောက်လုပ်တိုးချဲ့ရာမှာ ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်တုန်းက ကျောင်းသား၂၂ ယောက်နဲ့ကောလိပ်ဖွင့်လှစ်တည်ထောင်ခဲ့ပြီး၊ ယခုအချိန်မှာ ကျောင်းသားအယောက် ၇၇၀ ရှိပါတယ်။ လိုအပ်ချက်တွေမြင့်မားပြီး၊ကျောင်းသားအသစ်တွေကို လက်ခံဖို့အတွက် ကျောင်းအနေနဲ့လုပ်နိုင်စွမ်းမရှိပါ။ အဲဒီကျောင်းမှာ ကျောင်းသား၃၀% ပဲမြော်လင့်ခြင်း အသင်းသားတွေဖြစ်ကြတဲ့အတွက်၊ တကယ့်သာသနာပြုကျောင်းဖြစ်ပါတယ်။ နန်စီလို ကျောင်းသားအများစုဟာနှစ်တိုင်း အသင်းတော်ထဲ ဝင်လာကြပါတယ်။

ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ သင်တို့အနေနဲ့အလှူငွေကိုရက်ရက်ရောရောလှူဒါန်းဖို့ စဉ်းစားနေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။

-၀-

## "မာဒမ် အနာတိုမီ"

ဒီဇင်ဘာလ (၁၆)ရက်၊ တင်ပြသူ-အဘိဂေးလ်၊ဂါနာနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

ဘာလုပ်ရမှန်းမသိခဲ့ပါ။ တစ်ခြားတစ်စုံတစ်ရာထက် သူမ သူနာပြုတစ်ဦးဖြစ်ချင်ခဲ့မိပါတယ်။

ဒါပေမဲ့ သူ့ကျောင်းလခအတွက် သူမအလုပ်လုပ်ရမှာဖြစ်ပြီး၊စာသင်ဖို့အတွက်လုံလောက်တဲ့အချိန်မရှိသလို ဖြစ်ခဲ့ပါတယ်။

တောင်ပိုင်းအာဖရိကတိုက်ထဲက ဂါနာနိုင်ငံမှာရှိတဲ့၊သတ္တမနေ့မြော်လင့်ခြင်းသူနာပြုသင်တန်းကျောင်းနဲ့ ဝမ်းဆွဲဆရာမသင်တန်းကောလိပ်မှာ ပထမနှစ်စတကခဲ့ပါတယ်။

အထူးသဖြင့်၊ ခန္ဓာဗေဒဘာသာနဲ့ ဇီဝကမ္မဗေဒဘာသာဟာ အရမ်းခက် ပါတယ်။

ညနေပိုင်းမှာ၊ အဘိဂေးလ် ဟာ ခန္ဓာဗေဒဘာသာနဲ့ဇီဝကမ္မဗေဒဘာသာကိုနားမလည်နိုင်လို့ ငိုကြွေးခဲ့ရပါတယ်။ မနက်ပိုင်းမှာ သူမနိုးထလာတဲ့အခါ ပြန်ပြီးငိုကြွေး
ခဲ့ပါတယ်

သူမအနေနဲ့(၈)ဘာသာ သင်ယူရလို့ အိမ်စာလုပ်ဖို့အတွက် အချိန်အနည်းငယ်ပဲရှိခဲ့ပါတယ်။ သူ့အနေနဲ့ သူသင်ယူနေတဲ့ဘာသာတွေကို အထူးသဖြင့်ခန္ဓာဗေဒဘာသာနဲ့ ဇီဝကမ္မဗေဒဘာသာကို အောင်နိုင်ဖို့အတွက်၊ သခင်ဘုရားက မစဖို့အပြင်းအထံဆုတောင်းခဲ့ပါတယ်။

ပထမစာမေးပွဲအပြီးမှာ ကျောင်းဆရာက ခန္ဓာဗေဒဘာသာနဲ့ဇီဝကမ္မဗေဒဘာသာအတန်းသားတွေကို "အမြင့်ဆုံးအမှတ်ဟာ ၇၅%ဖြစ်တယ်" ဆိုပြီး ပြောပြခဲ့ပါတယ်။

အဘိဂေးလ် က၊ "အဲဒါဆိုရင် ကျွန်မအမှတ်၃၅%ပဲရမှာ"ဆိုပြီး စဉ်းစားခဲ့ပါတယ်။ ဘယ်သူအမှတ်အများဆုံးရသလဲဆိုတာ ကျောင်းဆရာကမပြောသေးပါ။

နောက်တစ်နေ့မှာ အဖြေလွှာကို ကျောင်းသားတွေဆီပြန်ပေးတဲ့အခါ အဘိဂေးလ်က အမှတ် ၇၅% ရတာတွေ့ခဲ့လို့ သူမအနေနဲ့တောင်မယုံကြည်နိုင်ခဲ့ပါ။

သူ့နားမှာထိုင်တဲ့အတန်းဖော်တစ်ယောက်က၊"အမှတ်ဘယ်လောက်ရလဲ" ဆိုပြီး တိုးတိုးမေးခဲ့ပါတယ်။

အဘိဂေးလ်က သူ့အဖြေလွှာကိုပြလိုက်တော့၊ "ဒါဆိုရင်၊သင်ကအမှတ်အများဆုံးပေ့ါ" ဆိုပြီး အတန်းဖော်က အံ့သြစွာနဲ့ပြောခဲ့ပါတယ်။

အဘိဂေးလ် အနေနဲ့ ရှက်ကိုးရှက်ကန်းဖြစ်ပြီး၊ "ကျေးဇူးပြုပြီး၊ဘယ်သူ့ကိုမှမပြောပါနဲ့" ဆိုပြီး ပြောခဲ့ပါတယ်။ အတန်းဖော်ကလည်း၊"ဟုတ်ကဲ့ပါ၊ ကျွန်မ မပြောပါဘူး" ဆိုပြီး ပြောခဲ့ပါတယ်။

အဘိဂေးလ် အနေနဲ့ နှစ်ဝက်စာမေးပွဲမှာ အမှတ် ၁၀၀%ရလို့ စာသင်ခန်းရဲ့အရှေ့မှာ ကျောင်းဆရာက၊"သင်က ပထမစာမေးပွဲမှာအမှတ်အများဆုံးရရှိခဲ့ပြီး နှစ်ဝက်စာမေးပွဲမှာ ၁၀၀% ရရှိလို့ အမှတ်အများဆုံးဖြစ်ပါတယ်။ အတန်းထဲမှာ ရှက်မနေတော့ ပါနဲ့။ မေးခွန်းတွေမေးတဲ့အခါ လွတ်လွတ်လပ်လပ်ဖြေပါ" ဆိုပြီး မိန့်ကြားခဲ့ပါတယ်။

အဘိဂေးလ် အနေနဲ့ အတန်းထဲမှာ စပြီးစကားပြောလာခဲ့ပါတယ်။ ကျောင်းဆရာကမေးခွန်းမေးတဲ့အခါ ဖြေဖို့စိတ်အနှောင့်အယှက် မဖြစ်တော့ပါ။ တစ်ချိန်ချိန်မှာသူမက လက်တောင် မမြှောက်တော့ဘဲ ပြန်ဖြေခဲ့ပါတယ်။

မကြာခင်မှာဘဲ၊ သူ့အတန်းဖော်တွေက၊ "မာဒမ် အနာတိုမီ" လို့ သူ့ကိုနာမည်သစ်နဲ့ ခေါ်ခဲ့ကြပါတယ်။ အဘိဂေးလ် အနေနဲ့သူ့နာမည်သစ်အတွက်စိတ်အနှောင့်မယှက် မဖြစ်ခဲ့ပါ။ အတန်းဖော်တွေက Madam Anatomy လို့ခေါ်တဲ့အခါ သူမ ပြုံးပြခဲ့ပါတယ်။ နောက်ဆုံးစာမေးပွဲမှာ သူမက အမှတ်၁၀၀% ရရှိခဲ့ပြန်လို့ ပိုပြီးဝမ်းသာခဲ့မိပါတယ်။ အဘိဂေးလ် အနေနဲ့ သူသင်ယူခဲ့တဲ့ဘာသာအတွက် ဘုရားသခင်မစလို့ဘုရားကိုကျေးဇူးတင်မိပါတယ်။ ယခုအခါ သုံးနှစ်သူနာပြုသင်တန်းရဲ့ ခရီးထက်ဝက်မှာရောက်ရှိနေပြီဖြစ်ပြီး၊ ကောလိပ်ကျောင်းသားတွေထဲမှာ အမှတ်အများဆုံးရရှိခဲ့ပါတယ်။ သူမကပညာသင်ဆု အချို့တစ်ဝက်ရရှိခဲ့လို့ အလုပ်လုပ်ချိန်လျှော့နည်းလာခဲ့ပါတယ်။

"သခင်ဘုရားပါ။ ကျွန်မမဟုတ်ပါဘူး။ သခင်ဘုရားပါ" ဆိုပြီး သူမပြောခဲ့ပါတယ်။

ကောလိပ်ဝင်းထဲမှာ တစ်ပတ်တာဆုတောင်းစည်းဝေးသို့တက်ခဲ့ပြီးနောက်၊ အဘိဂေးလ်အနေနဲ့ရေနှစ်ခြင်းခံယူခြင်းအားဖြင့် မြော်လင့်ခြင်းအသင်းတော်ထဲသို့ဝင်ဖို့ ဆုံးဖြတ်ခဲ့ပါတယ်။ သူမအနေနဲ့ သခင်ဘုရားကို ချစ်မြတ်နိုးပြီး ကိုယ်တော့အတွက်အသက်ရှင်ချင်ခဲ့ပါတယ်။

ဒါပေမဲ့ သူမက အိမ်မှာ ခုခံမှုနဲ့ရင်ဆိုင်နေရပါတယ်။ တစ်ခြားခရဏ်ယာန်ဂိုဏ်းဂဏက သူ့ဆွေမျိုးတစ်ဦးက သူ့ဆန္ဒဟာအပြစ်ဖြစ်တယ်လို့ကဲ့ရဲ့ရှုတ်ချခဲ့ပါတယ်။

အဘိဂေးလ် အနေနဲ့ ဘာလုပ်ရမှန်းမသိတော့ပါ။ သခင်ဘုရားမှအပ ဘယ်သူ့ဆီမှာအကူအညီတောင်းရမလဲဆိုတာ သူမသိပါ။ သခင်ဘုရားမစဖို့အတွက် သူမဆုတောင်းခဲ့ပါတယ်။ သူမအနေနဲ့ အမှတ်ကောင်းရရှိဖို့ သခင်ဘုရားကမစခဲ့သလို၊ ယခုအချိန်ရော နောင်အချိန်မှာပါသခင်ဘုရားအမှုတော်မှာသစ္စာရှိရှိထမ်းဆောင်ဖို့ မစမယ်ဆိုတာ သေသေချာချာသိရှိခဲ့ပါတယ်။

သူမအသက်တာမှာ သခင်ဘုရားရဲ့အလိုတော်ကို လိုက်ရှာနေတဲ့ အဘိဂေးလ်အတွက် ဆုတောင်းပေးကြပါစို့။ မြော်လင့်ခြင်းသူနာပြုသင်တန်းနဲ့၊ ဝမ်းဆွဲဆရာမသင်တန်းကောလိပ်မှာ သင်ယူနေတဲ့ ကျောင်းသားအယောက ၇၇၀ အတွက်လည်း ဆုတောင်းပေးကြပါစို့။

သင်တို့ရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် ၂၀၁၅ ခုနှစ် တုန်းက ကျောင်းသား ၂၂ ယောက်နဲ့ဖွင့်လှစ်တည်ထောင်ခဲ့တဲ့ ကောလိပ်မှာ၊ စာသင်ခန်းအသစ်နဲ့ ဘော်ဒါဆောင်တွေ ဆောက်လုပ်တိုး ချဲ့ရာမှာကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။ လအပ်ချက်တွေမြင့်မားပြီးကျောင်းသားအသစ်တွေကို လက်ခံဖို့အတွက် ကျောင်းအနေနဲ့လုပ်နိုင်စွမ်းမရှိပါ။ အဲဒီကျောင်းမှာ ကျောင်းသား၃၀%ပဲမြော်လင့်ခြင်းအသင်းသားတွေဖြစ်ကြတဲ့အတွက်၊ တကယ့်သာသနာပြုကျောင်းဖြစ်ပါတယ်။

ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ သင်တို့အနေနဲ့အလှူငွေကိုရက်ရက်ရောရောလှူဒါန်းဖို့ စဉ်းစားနေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။

-ဝ-

# “ပညတ်တော် တစ်ပါးရှောင်နေတယ်”

ဒီဇင်ဘာလ(၂၃)ရက်၊ တင်ပြသူ-နသဲနီရယ်၊ဂါနာနိုင်ငံ၊

(အရွယ်ရောက်ပြီးသားအမျိုးသားတစ်ဦးကိုတင်ပြခိုင်းရန်)

အသက် ၁၆ နှစ် အရွယ်ရှိတဲ့ နသဲနီရယ်ဟာ တောင်ပိုင်းအာဖရိကတိုက်ဂါနာနိုင်ငံမှာ ပါစတာတစ်ဦးရဲ့တရားဟောချက်ကိုနားထောင်ရင်း အံ့ဩခဲ့မိပါတယ်။

ပါစတာက တနင်္ဂနွေနေ့တစ်နေ့မှာ ပလ္လင်ပေါ်ကနေ၊ သမ္မာကျမ်းစာထဲက ထွက်မြောက်ရာကျမ်း အခန်းကြီး ၂၀ ကိုဖွင့်ပြီးတော့ ပညတ်တော်ဆယ်ပါးကို တစ်ပါးပြီးတစ်ပါး ဖတ်ပြခဲ့ပါတယ်။ နသဲနီရယ်ကလည်း သူထိုင်တဲ့နေရာမှာပဲ သူ့ကျမ်းစာအုပ်ထဲမှ လိုက်ဖတ်နေခဲ့ပါတယ်။

ဒါပေမဲ့ ပါစတာက ပညတ်တော်တွေထဲက တစ်ပါးကို ရှောင်ခဲ့ပါတယ်။

တရားဟောပြီးတဲ့နောက်၊ ပါစတာဆီမှာသွားခဲ့ပြီး စတုတ္ထပညတ်တော်ကိုမဖော်ပြခဲ့တဲ့အကြောင်းရင်းကို မေးလိုက်ပါတယ်။

“သင်က တစ်နေ့နေ့မှာ ဝတ်ပြုလို့ရတယ်။ စောင့်ရမယ့်နေ့ဟာအရေးမကြီးပါဘူး” ဆိုပြီး ပါစတာက ပြောခဲ့ပါတယ်။

နသဲနီရယ်ရဲ့ အံ့ဩမှုဟာ ပိုပြီးကြီးမားလာခဲ့ပါတယ်။ ပညတ်တော်ဆယ်ပါးထဲမှ တစ်ပါးပါးကို ရွေးယူခွင့်ရှိတယ်ဆိုတာကို သူတစ်ခါမှ မစဉ်းစားမိခဲ့ပါ။

အိမ်မှာ၊ သမ္မာကျမ်းစာထဲကနေ စတုတ္ထပညတ်ကို အကြိမ်ကြိမ်သူဖတ်ခဲ့ပါတယ်။ သူက၊ “ဥပုသ်နေ့ကို သန့်ရှင်းစေခြင်းငှာ ထိုနေ့ရက်ကိုအောက်မေ့လော့။ ခြောက်ရက်ပတ်လုံး အလုပ်မျိုးကိုကြိုးစား၍လုပ်ဆောင်လော့။ သတ္တမနေ့ရက်သည် သင်၏ဘုရားသခင်ထာဝရဘုရား၏ ဥပုသ်နေ့ဖြစ်၏။ ထိုနေ့၌ သင်မှစ၍ သင်၏သားသမီး၊ကျွန်ယောကျ်ား မိန်းမ တိရစ္ဆာန်၊ သင်၏တံခါးအတွင်း၌နေသော ဧည့်သည်အာဂန္တုသည် အလုပ်မလုပ်ရ။ အကြောင်းမူကား၊ ထာဝရဘုရားသည် မိုးကောင်းကင်၊မြေကြီးသမုဒ္ဒရာ၊ အရပ်ရပ်၌ ရှိသမျှတို့ကိုခြောက်ရက်တွင် ဖန်ဆင်း၍ သတ္တမနေ့ရက်၌ကောင်းကြီးပေး၍ သန့်ရှင်းစေတော်မူ၏” ထွက် ၂၀း၈-၁၁ ကိုဖတ်ခဲ့ပါတယ်။

သူငယ်ချင်းတစ်ယောက်က ခေါ်ဖိတ်လို့ တနင်္ဂနွေအသင်းဘုရားကျောင်းသို့သူသွားခဲ့ပါတယ်။ နောက်တနင်္ဂနွေနေ့မှာ၊ သူ့အသင်းတော်ရဲ့ပါစတာဆီမှာ စတုတ္ထပညတ်တော်အကြောင်းမေးဖို့ သူသွားခဲ့ပါတယ်။ သူ့ပါစတာကလည်း တစ်ခြားပါစတာတွေလိုပဲ “သင်က တစ်နေ့နေ့မှာ ဝတ်ပြုလို့ရတယ်” ဆိုပြီး ပြောခဲ့ပါတယ်။

နသဲနီရယ် အနေနဲ့ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်အကြောင်းကို ကြားသိခဲ့ပါတယ်။ ဒါပေမဲ့ စနေနေ့မှာဝတ်ပြုတဲ့ တစ်ခြားခရစ်ယာန်အသင်းတော်တစ်ပါးမှသူမသိခဲ့ပါ။ သူနေထိုင်တဲ့မြို့ငယ်မှာ မြော်လင့်ခြင်းအသင်းသားတွေမရှိသေးပါ။

“သတ္တမနေ့ဟာ တကယ့်တကယ်အရေးကြီးတယ်ဆိုရင်၊ ကျေးဇူးပြုပြီး သတ္တမနေ့မြော်လင့်ခြင်းအသင်းသားတွေကို ကျွန်တော်နေထိုင်တဲ့မြို့မှာ ဧဝံဂေလိတရားပွဲ ကျင်းပစေတော်မူပါ” ဆိုပြီး သူဆုတောင်းခဲ့ပါတယ်။

သူ့ဆုတောင်းချက်ကို သခင်ဘုရားက နားညောင်းမယ်ဆိုရင်၊ သူ့ဆုတောင်းမှုကို သခင်ဘုရားက ကြားတော်မူခဲ့ကြောင်းနဲ့၊ ကိုယ်တော့အတွက ဥပုသ်နေ့ဟာအရေးကြီးတဲ့အကြောင်း သူသိရှိမှာဖြစ်ပါတယ်။

အဲဒီလိုနဲ့၊ ၈လ တိုင်ဆုတောင်းပြီးတဲ့နောက်မှာ မြော်လင့်ခြင်းအသင်းသားတွေရောက်လာခဲ့ပါတယ်။ နသဲနီရယ် အနေနဲ့ သိပ်ဝမ်းသာတာပေါ့။

တရားပွဲအဆုံးသတ်တဲ့အခါ၊ နသဲနီရယ်ဟာ သူနဲ့အတူ တရားပွဲမှာတက်ရောက်ခဲ့တဲ့ညီမနဲ့ ရေနှစ်ခြင်းအတူတူခံခဲ့ကြပါတယ်။ လူအယောက် ၅၀ နှစ်ခြင်းခံခဲ့ပြီး၊ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်တစ်ပါး တည်ထောင်ခဲ့ပါတယ်။

ယခုအချိန်မှာ နသဲနီရယ် ဟာ အသက် ၂၃ နှစ်ရှိပြီး၊ ကျောင်းဆရာတစ်ဦးဖြစ်လာဖို့အတွက် တက္ကသိုလ်မှာ ပညာသင်ယူနေလျက်ပါ။

“ကျွန်တော့ဆုတောင်းချက်ကို သခင်ဘုရားကနားညောင်းလျက်ပါ။ ကျွန်တော့မြို့မှာ မြော်လင့်ခြင်း အသင်းသားတွေရောက်မလာခင်၊ ဝိညာဉ်တစ်လုံး သူတို့ရိတ်သိမ်းထားပြီးသား ဖြစ်ပါတယ်” ဆိုပြီး သူက ပြောပါတယ်။

သင်တို့ရဲ့ ၁၃ ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့ကို ဂါနာနိုင်ငံရှိသတ္တမနေ့မြော်လင့်ခြင်း အသင်းတော်ပညာရေးတိုးချဲ့ရာမှာ ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။၂၀၁၅ ခုနှစ်တုန်းက ကျောင်းသား ၂၂ယောက်သာရှိခဲ့ပြီး၊ ယခုကျောင်းသားအယောက် ၇၇၀ ရှိပါတယ်။ သူနာပြုသင်တန်းနဲ့ ဝမ်းဆွဲဆရာမသင်တန်းကောလိပ်မှာ စာသင်ခန်းအသစ်တွေနဲ့ဘော်ဒါဆောင်တွေ ဆောက်လုပ်ရာမှာလည်း ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။ လိုအပ်ချက်တွေမြင့်မားပြီး၊ ကျောင်းသားအသစ်တွေကိုလက်ခံဖို့အတွက် ကျောင်းအနေနဲ့လုပ်နိုင်စွမ်းချို့တဲ့နေပါတယ်။ အဲဒီကျောင်းမှာ ကျောင်းသား ၃၀%သာမြော်လင့်ခြင်းအသင်းသားတွေဖြစ်ကြတဲ့အတွက်၊ တကယ့်သာသနာပြုကျောင်းဖြစ်ပါတယ်။ ကျောင်းသားတော်တော်များများဟာ နှစ်တိုင်းအသင်းတော်ထဲသို့ ဝင်လာကြပါတယ်။

ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ သင်တို့အနေနဲ့ အလှူငွေကိုရက်ရက်ရောရောလှူဒါန်းဖို့ စဉ်းစားနေကြတဲ့အတွက် ကျေးဇူးတင်ပါတယ်။

-၀-

## "၁၃ ပတ် ဥပုသ်တော်နေ့အစီအစဉ်"

ဒီဇင်ဘာလ (၃၀)ရက်၊

နှုတ်ခွန်းဆက်စကား - ဥပုသ်စာဖြေကျောင်းခေါင်းဆောင်
အဖွင့်သီချင်း - "ဘုရားသခင်၌ ခိုင်ခံ့လေ့ကျူး" မြန်မာ-၂၄၈၊ SS-686
အဖွင့်ဆုတောင်း -
အစီအစဉ် - "ခေါ်ဖိတ်မှုတစ်ခုရဲ့ အရေးကြီးမှု"
အလှူငွေကောက်ခံခြင်း -
အပိတ်သီချင်း - "စင်ကြယ်စမ်းရေကျူး" မြန်မာ-၁၂၃ CH-598

## "ခေါ်ဖိတ်မှုတစ်ခုရဲ့ အရေးကြီးမှု"

တင်ပြသူ - စူစမ်းနာ၊ ဂါနာနိုင်ငံ၊

(အရွယ်ရောက်ပြီးသား အမျိုးသမီးတစ်ဦးကို တင်ပြခိုင်းရန်)

အနောက်ပိုင်းအာဖရိကတိုက်ထဲက ဂါနာနိုင်ငံမှာရှိတဲ့ အစိုးရတက္ကသိုလ်တစ်ခုရဲ့ နယ်မြေမှာ ရာနဲ့ချီတဲ့ သတ္တမနေ့မြော်လင့်ခြင်းကျောင်းသားတွေဟာ သူတို့ရဲ့သူငယ်ချင်းတွေနဲ့ ဘုရားကျောင်းတစ်ခုထဲမှာ စုဝေးခဲ့ကြပါတယ်။

ဥပုသ်နေ့ ဝတ်ပြုပြီးတဲ့နောက်မှာ၊ လာလည်တဲ့မြော်လင့်ခြင်းသာသနာပြုအမှုတော်ဆောင်တစ်ဦးဆီမှာ သူတို့နှလုံးသားကိုသခင်ယေရှုထံမှာ ဘယ်လိုဆက်ကပ်ကြသလဲဆိုတာ ကိုယ်တိုင်သက်သေခံချက်ရှိခဲ့တဲ့ ကျောင်းသားတွေကို အရှေ့ကနေပါစတာတစ်ဦးက ခေါ်ဖိတ်ခဲ့ပါတယ်။

ကျန်ရစ်ခဲ့တဲ့သူတွေထဲမှာ အသက် ၂၂ နှစ်ရှိတဲ့ ကျောင်းသူ 'စူစမ်းနာ' ပါဝင်ခဲ့ပါတယ်။

စူစမ်းနာက တက္ကသိုလ်မှာ မြော်လင့်ခြင်းကျောင်းသားတွေနဲ့မိတ်ဖွဲ့ပြီးတဲ့နောက်မှာ လွန်ခဲ့တဲ့၂လတုန်းက သခင်ယေရှုဆီမှာသူ့နှလုံးသားကို ဆက်ကပ်ခကြောင်းပြုံးရွှင်စွာနဲ့ ပြောပြခဲ့ပါတယ်။

အပြည့်အစုံပြောပြဖို့ သူ့ကိုအားပေးတိုက်တွန်းတဲ့အခါ၊ သူ့ရဲ့ဖြစ်ရပ်က လွန်ခဲ့တဲ့၂နှစ်က သူ့ရဲ့မွေးရပ်ဇာတိမှာ စတင်ဖြစ်ပျက်ခဲ့ကြောင်း သူပြောပြခဲ့ပါတယ်။

ကျောင်းပိတ်ချိန် အိမ်မှာရှိနေတုန်း၊ သူ့အစ်ကိုဇနီးက ကလေးတစ်ယောက်ဆက်ကပဖို့အတွက် မြော်လင့်ခြင်းအသင်းတော်တစ်ပါးမှာ သွားဖို့ခေါ်ဖိတ်ခဲ့ပါတယ်။ သူ့ယောင်းမ Comfort ဟာ သူတို့မိသားစုမှာ တစ်ဦးတည်းသောမြော်လင့်ခြင်းအသင်းသူဖြစ်ပါတယ်။ မွေးခါစ သူ့သားလေး Righteous ကိုဘုရားသခင်လက်တော်ထဲမှာ ဆက်ကပ်ချင်ခဲ့ပါတယ်။

စူစမ်းနာ အနေနဲ့ မြော်လင့်ခြင်းအသင်းတော်မှာ တစ်ခါမှဝတ်မပြုခဲ့ဘူးပါ။ ဒါပေမဲ့ ဘုရားကျောင်းအတူတူ သွားဖို့တော့ သူသဘောတူခဲ့ပါတယ်။

ဝတ်ပြုမှုအတွေ့အကြုံက သူ့စိတ်ကို လှုပ်ရှားစေခဲ့ပါတယ်။ အထူးသဖြင့်တေးဂီတနဲ့ သီချင်းတွေဆိုတာ သူနှစ်သက်ခဲ့ပါတယ်။ သူမအနေနဲ့ဘုရားကျောင်းပြန်သွားချင်ခဲ့ပါတယ်။ ဒါပေမဲ့ Comfort ကမဖိတ်ခေါ်လို့ သူမသွားခဲ့ရပါ။

ဒါပေမဲ့ တက္ကသိုလ်မှာပြန်သွားတဲ့အခါ၊ စူစမ်းနာ ဟာမြော်လင့်ခြင်းကျောင်းသူLydia နဲ့မိတ်ဆွေဖြစ်လာခဲ့ပါတယ်။

ရက်အနည်းငယ်ကြာပြီးမှ၊ Lydia က စူစမ်းနာကို မြော်လင့်ခြင်းကျောင်းသားအယောက် ၃၀ ပါဝင်တဲ့ ဆုတောင်းစည်းဝေးမှာ ပါဝင်ဖို့ ခေါ်ဖိတ်ခဲ့ပါတယ်။ ကျောင်းသားတွေကသီချင်းဆိုပြီး ဆုတောင်းခဲ့ကြပါတယ်။ တစ်ယောက်သောသူကတော့ သခင်ယေရှုအကြောင်း သက်သေခံခဲ့ပါတယ်။

စူစမ်းနာဟာ ဆုတောင်းစည်းဝေးမှာပျော်ခဲ့ပြီး၊ နောက်ထပ်ပြန်ပြီး ပါဝင်ဖို့လည်းသူမကို Lydia က ခေါ်ဖိတ်ခဲ့ပါတယ်။ စူစမ်းနာ အနေနဲ့ကျောင်းသားအဖွဲ့တွေနဲ့အတူ ပုံမှန်ဘုရားဝတ်ပြုခဲ့ပါတယ်။

တစ်နေ့မှာ၊ Lydia က၊"ကျွန်မတို့တရားဟောပွဲ ကျင်းပတော့မှာဖြစ်လို့ ပါဝင်ချင်ပါသလား" ဆိုပြီး စူစမ်းနာ ကိုမေးခဲ့ပါတယ်။

မြော်လင့်ခြင်းကျောင်းသားတွေအနေနဲ့ လာမယ့်နှစ်ဝက်ကျောင်းပိတ်ချိန်မှာ၊တက္ကသိုလ်ကနေ ၁၂မိုင်ဝေးတဲ့ မြို့လေးတစ်မြို့မှာ အိမ်တိုင်းကိုသွားလည်ဖို့ စီစဉ်ခဲ့ကြပါတယ်။ ညတိုင်းတရားပွဲမှာ လူတွေတက်ရောက်ဖို့ ကျောင်းသားတွေကခေါ်ဖိတ်ရမှာဖြစ်ပါတယ်။ ပါစတာကတော့ တရားပွဲမှာတရားဟောမှာဖြစ်ပါတယ်။ စူစမ်းနာ အနေနဲ့ ပါဝင်ကူညီဖို့ သဘောတူခဲ့ပါတယ်။

သူမက မြော်လင့်ခြင်းအသငးသားတွေဖြစ်တဲ့ အခြားကျောင်းသား ၂၅ ယောက်အဖွဲ့မှာပါဝင်ခဲ့ပါတယ်။ မနက်ပိုင်းမှာတစ်အိမ်တက်ဆင်းလျှောက်လည်ခဲ့ပါတယ်။ ညနေပိုင်းမှာ တရားပွဲသို့တက်ရောက်ခဲ့ကြပါတယ်။ ညတိုင်းပဲ တရားပွဲသို့လူအယောက် ၅၀ ကျော်လာခဲ့ကြပါတယ်။

တရားပွဲအစမှာ Lydia အနေနဲ့ ရေနှစ်ခြင်းခံချင်လားဆိုပြီး စူစမ်းနာ ကိုမေးခဲ့ပါတယ်။

"ဟုတ်ကဲ့ပါ" ဆိုပြီး စူစမ်းနာ ကပြန်ပြောခဲ့ပါတယ်။

ညတိုင်းပဲ တရားဟောဆရာရဲ့တရားဟောချက်ကိုနားထောင်ရင်း၊ သူ့နှလုံးသားထဲမှာ ရေနှစ်ခြင်းခံချင်တဲ့ဆန္ဒဖြစ်ပေါ်ခဲ့ပါတယ်။ အထူးသဖြင့် သမ္မာကျမ်းစာထဲကသတ္တမနေ့အကြောင်းဟောတာကို အရမ်းစိတ်ဝင်စားခဲ့ပါတယ်။ တရားဟောဆရာအနေနဲ့ သမ္မာကျမ်းစာအတိုင်း ဟောနေတာကို သူတွေ့မြင်ခဲ့ပါတယ်။ သူမအနေနဲ့တေးဂီတနဲ့သီချင်းကိုနှစ်သက်ခဲ့ပါတယ်။ ဆက်ပြီးတော့ ဘာလုပ်ရမလဲဆိုတာသူမသိရှိထားပါတယ်။ ဒါပေမဲ့ သူမက ခေါ်ဖိတ်ခြင်းခံရပဲ့မလား ဆိုတာပါပဲ။

တရားပွဲအဆုံးမှာ"တကယ်ပဲရေနှစ်ခြင်းခံချင်သလား"ဆိုပြီး Lydia ကမေးခဲ့ပါ တယ်။

ယခုအချိန်မှာ စူစမ်းနာ အနေနဲ့တကယ်သေချာပြီဖြစ်လို့ 'ဟုတ်ကဲ့' လို့ဖြေခဲ့ပါတယ်။

စူစမ်းနာဟာ ရေနှစ်ခြင်းခံတဲ့အယောက် ၂၀ထဲမှာပါဝင်ခဲ့ပါတယ်။

Lydia အရမ်းပျော်ခဲ့လို့၊ စူစမ်းနာရေထဲကထွက်တာနဲ့သူမကိုပွေ့ဖက်ခဲ့ပါတယ်။

တရားပွဲအပြီးမှာ စူစမ်းနာ ဟာသူ့မွေးဇာတိသို့ပြန်လာပြီး၊ သူမရေနှစ်ခြင်းခံခဲ့ကြောင်း Comfort ဆီမှာပြောပြခဲ့ပါတယ်။ Comfort အနေနဲ့ သူတစ်ယောက်တည်းမြော်လင့်ခြင်းအသင်းသူမဟုတ်တော့ကို အရမ်းကို ကျေနပ်အားရခဲ့ပါတယ်။

ဘာဖြစ်လို့ စူစမ်းနာ အနေနဲ့ သခင်ယေရှုဆီမှာသူ့နှလုံးသားကိုဆက်ကပ်ခဲ့တာလဲ။ သူ့နှလုံးသားထဲမှာ သန့်ရှင်းသောဝိညာဉ်တော်က စကားပြောလို့ဖြစ်မယ်ဆိုတာသေချာပါတယ်။ ဒါပေမဲ့၊ နည်းလမ်းကတော့ ဘုရားကျောင်းသွားဖို့ရိုးစင်းတဲ့ ခေါ်ဖိတ်မှုကနေစတင်ခဲ့တာပါ။

"မြော်လင့်ခြင်းအသင်းတော်ဘုရားကျောင်းမှာ ပထမဆုံးအကြိမ်ကျွန်မသွားတဲ့အခါ၊ သူတို့ဝတ်ပြုတဲ့ပုံစံကို ကျွန်မသဘောကျခဲ့ပါတယ်။ ဒါပေမဲ့ ကျွန်မကိုမခေါ်ဖိတ်လို့ကျွန်မ မသွားခဲ့ပါ။ တစ်ခြားခေါ်ဖိတ်မှုအတွက် ကျွန်မစောင့်နေခဲ့ရပါတယ်။ ပြီးတော့၊တက္ကသိုလ်မှ ကျွန်မကိုခေါ်ဖိတ်တဲ့အခါ ကျွန်မသွားခဲ့ပါတယ်။ အဲဒီလိုနဲ့ ကျွန်မမြော်လင့်ခြင်း အသင်းသူတစ်ဦးဖြစ်လာခဲ့တာပါ" ဆိုပြီး စူစမ်းနာက ပြောခဲ့ပါတယ်။

သင်တို့ရဲ့ ယနေ့ ၁၃ပတ် ဥပုသ်တော်နေ့ အလှူငွေတစ်ချို့အားဖြင့် အနောက်အလယ်ပိုင်းအာဖရိကဒီဗီဇံမှာ သတ္တမနေ့မြော်လင့်ခြင်းအသင်းတော်ပညာရေးကို၊ စီမံကိန်းနှစ်ခုနဲ့ တိုးချဲ့ရာမှာ ကူညီပံ့ပိုးသွားမှာဖြစ်ပါတယ်။ စူစမ်းနာ ပညာသင်ယူခဲ့တဲ့ ဂါနာနိုင်ငံ သနာပြုသင်တန်းနဲ့ဝမ်းဆွဲဆရာမသင်တန်းကောလိပ်မှာ စာသင်ခန်းအသစ်တွေနဲ့၊ ဘော်ဒါဆောင်တွေဆောက်လုပ်တိုးချဲ့ရာမှာအသုံးပြုမှာဖြစ်ပါတယ်။ ကင်မရွန်း နိုင်ငံကကလေးတွေအနေနဲ့လည်း ပြင်သစ်ဘာသာနဲ့အင်္ဂလိပ်ဘာသာအားဖြင့်၊ သခင်ယေရှုအကြောင်း သင်ယူလို့ရအောင် ဘာသာစကား၂မျိုး သင်ယူတဲ့ကျောင်းကို စတင်ဖွင့်လှစ်ဖို့အတွက် ကူညီထောက်ပံ့သွားမှာဖြစ်ပါတယ်။

ယနေ့ ဒီဇင်ဘာလ ၃၀ ရက်နေ့မှာ သင်တို့အနေနဲ့ အလှူငွေကို ရက်ရက်ရောရောလှူဒါန်းကြတဲ့အတွက် အထူးကျေးဇူးတင်ပါတယ်။